# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၉)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၉ ရက် ၊ ၅-၅-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများနှင့် ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများကို Modular House များဖြင့် တည်ဆောက်ထားရှိမှု၊ ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်လျက်ရှိသည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အဆိုပါရုံးအတွင်း Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်သည့်

စာမျက်နှာ ၃ သို့ ☆



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၄

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ မေ ၅ ရက်၊ တနင်္လာနေ့။

မန္တလေး

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုပါ၏

၂၀၂၅ခုနှစ် မေလ ၅ ရက်သည် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို မီးဘေးအန္တရာယ်နှင့်အခြားသော ဘေးအန္တရာယ်အမျိုးမျိုးမှ ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်ခဲ့ပြီး သမိုင်းဂုဏ်ဒြပ်အစဉ်အလာကြီးမားစွာ ရပ်တည်လာခဲ့သည်မှာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည်။

(၇၉)နှစ်အတွင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်သူလူထုအတွင်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက်တာဝန်များကို ဦးလည်မသုန် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ခေတ်အဆက်ဆက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် မီးသတ်လုပ်ငန်းဆိုင်ရာများကို စွမ်းအားပြည့် တာဝန်ထမ်းဆောင်နေကြသည့် မီးသတ်တပ်ဖွဲ့ဝင်အားလုံးကို ဂုဏ်ပြုပါသည်။

မြန်မာနိုင်ငံ၏သမိုင်းကို ပြန်ကြည့်ပါက ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းစောလက်ထက် စည်ပင်ဝပြောသာယာခဲ့သည့် နိုင်ငံတော်ကို မီးဘေးမသင့်စေရေး မီးသတိပေးမောင်းသံများနှင့်စတင်ခဲ့ပြီး မီးသတ်လုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်နိုင်ရေးသောသောညံ ပုဂံမီးဆော်မောင်းဟူသည့် ဂဏန်းအမှတ်အသားသံခိပ်(လက်ာ) အရ မီးကပ်သားတစ်နည်းအားဖြင့် မီးသတ်သမားများကို သတ်သတ်မှတ်မှတ် စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထို့ပြင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင်လည်း မီးဘေးမသင့်စေရေး မီးသတ်လုပ်ငန်းကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို ဂုဏ်ယူစွာတွေ့ရှိရပါသည်။ မီးသတ်လုပ်ငန်း၏ သဘောသဘာဝအရ တစ်ဦးတစ်ယောက်တည်း လုပ်ဆောင်၍မရဘဲ လူအများက ပေါင်းစပ်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် အုပ်ချုပ်သူ ဘုရင်၊ ရဲမက်များ၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့်သာ မီးဘေးအန္တရာယ်ကို ထိထိရောက်ရောက်ကာကွယ်နိုင်ကြောင်းကို ရှေးမြန်မာမင်းများလက်ထက်ကပင် သိရှိနားလည်ခဲ့ကြသည်ကို တွေ့ရပါသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ကာကွယ်နိုင်ရေး မြူနီစီပါယ်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြသည်။ ထို့ကြောင့် ခေတ်ပညာတတ်မျိုးချစ်လူငယ်များသည် မိမိတို့ရပ်ရွာ၊ မိမိတို့၏ဒေသကို မီးဘေးကာကွယ်နိုင်ရေး အပျော်တမ်းမီးသတ်အဖွဲ့များကို အမျိုးသားရေးစိတ်ဓာတ်နှင့်ဖွဲ့စည်းပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်နှောင်းပိုင်းမှစတင်ပြီး စေတနာ့ဝန်ထမ်းအပျော်တမ်းမီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက် ဖွဲ့စည်းတည်ထောင်လာခဲ့ကြသည်။

၁၉၄၆ ခုနှစ်၊ မေလ ၅ ရက်တွင် ရန်ကုန်မြို့၊ ကန်တော်ကလေးရှိ ဇီနတ်အစ္စလာမ်မိန်းကလေးကျောင်းတွင် မြန်မာတစ်ပြည်လုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများသည် ပထမအကြိမ်စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးကြီးညီလာခံကို ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ တစ်နည်းအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စည်းလုံးညီညွတ်စွာ ပေါင်းစည်းနိုင်ခဲ့သည့်နေ့ကို အစွဲပြုပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုပါက (၇၉)နှစ် တိုင်ခဲ့ပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေးနှင့် ချမ်းမြသာစည်မြို့နယ်၊ ဘဘ-၁၁၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၅ ရက်တွင် မဟာအောင်မြေမြို့နယ် တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ရှေ့၊ ပြည်ကြီးတံခွန်မြို့နယ် ၁၂၆လမ်း၊ ၅၈ လမ်း၊ ၅၈ အေလမ်းကြား၊ (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဧပြီ ၆ ရက်တွင် အောင်မြေသာစံမြို့နယ် ၁၉ လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၊ အမရပူရမြို့နယ် အိုးတော်ရပ်ကွက်၊ အမှိုက်စုရပ်၊ မယ်ဇယ်တန်းအနီးတို့တွင်လည်းကောင်း၊ ဧပြီ ၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၇၂လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂)ရပ်ကွက်၊ ၇၃လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်ရှေ့တွင်လည်းကောင်း၊ ဧပြီ ၈ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ အမရပူရမြို့နယ်၊ ဈေးချိုတော်ရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွမေ္ဘာရုံ၊ စစ်ကိုင်း-မန္တလေးအရှေ့ဘက်တို့တွင်လည်းကောင်း၊ မေ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်းနှင့် ၄၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ (ဆဆ-၆)၊ ၁၀၆လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ (၁)နှစ်ခွဲအောက်ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းများ ဆောင်ရွက်



**မြစ်သား မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများမှ မြို့ပေါ်(၆)ရပ်ကွက်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ (၁)နှစ်ခွဲအောက်ကလေးငယ်များ လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါမိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးခန်းတွင် တိုက်ကျွေးပေးခဲ့သည်။

ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးရာတွင် မြို့ပေါ်(၆)ရပ်ကွက်ရှိ မွေးကင်းစမှ (၁)နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ကျန်းမာရေးဝန်ထမ်းများက စနစ်တကျထိုးနှံတိုက်ကျွေးပေးခဲ့သည်။

မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများနှင့် သားဖွားဆရာမတို့က ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ (၁)နှစ်ခွဲအောက်ကလေးငယ်များအား လစဉ်သတ်မှတ်ရက်များတွင် ကာကွယ်ဆေးများကို ဆက်လက်ထိုးနှံတိုက်ကျွေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

## အသားဆိုင်များ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် မြို့နယ်စည်ပင်သာယာအဖွဲ့မှ ကွင်းဆင်းစစ်ဆေး

**နတ်မောက် မေ ၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြို့မဈေးကြီးတွင် ဝက်၊ အမဲ၊ ဆိတ်သားဆိုင်များ ဈေးနှုန်းမြင့်တင် ရောင်းချမှုမရှိစေရန် ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိနှင့် ရုံးဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များပူးပေါင်း၍ ဝက်၊ အမဲ၊ ဆိတ်သားဈေးနှုန်းများအား သတ်မှတ်ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန်နှင့် အလေးချိန်ခွင်ပြည့်ဝစေရန်၊ ပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန်နှင့် ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် တို့ကို လက်ကိုင်ဟန်းစပီကာဖြင့် ကြေညာ၍ အသိပညာပေးခဲ့ကြောင်း သိရသည်။ **(၄၆၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

ရုံးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် Server Room များကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဝန်ကြီးချုပ်က Server များ၊ ကွန်ပျူတာများအနေဖြင့် ယာယီအဆောက်အအုံအတွင်း စနစ်တကျထားရှိ ဆောင်ရွက်ရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း လိုက်ပါလျက် ယာယီရုံးခန်းများ တည်ဆောက်နေမှုနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများတည်ဆောက်ရန် မြေနေရာများ ရွေးချယ်သတ်မှတ်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး မေလမကုန်မီ ယာယီရုံးခန်းများ ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကြပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ယာယီအိမ်ရာများ အကွက်ချပုံစံ၊ ယာယီရုံးအဆောက်အအုံ ဆောက်လုပ်ရန် မြေနေရာ ရွေးချယ် သတ်မှတ်ထားမှု၊ ယာယီဝန်ထမ်းအိမ်ရာအတွင်းသောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် အိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ နေရာတွင် ယာယီဝန်ထမ်းအိမ်ရာ ၇၅ လုံး တည်ဆောက် သွားမည်ဖြစ်ပြီး (ပေ ၄၀ x ၂၂ ပေ)နှစ်ခန်းတွဲ ၁၀ လုံးနှင့် (ပေ ၂၀ x ၂၂ ပေ)နှစ်ခန်းတွဲ ခုနစ်လုံး တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့်အိမ်ရာများကိုလည်း အမြန်ဆုံးဆက်လက်တည်ဆောက် လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ရုံးအနီးရှိ မြေ ၂၂ ဧကအတွင်း ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ထားရှိမှု၊ Modular House ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်သတ်မှတ်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများနေထိုင်လျက်ရှိသည့် အခြေအနေ၊ ဝန်ထမ်းအိမ်ရာများ ထပ်မံတည်ဆောက်နေမှုတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၄ သို့ »»»



အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီရုံးခန်းများ တည်ဆောက်နေမှုနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများ တည်ဆောက်ရန် မြေနေရာများ ရွေးချယ်သတ်မှတ်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

အဆိုပါ ယာယီဝန်ထမ်းအိမ်ရာတွင် ၄၅ ပေ x ၂၄ ပေ (၁၀)ခန်းတွဲ ဘားတိုက် နှစ်လုံး၊ ၃၆ ပေ x ၁၅ပေ သုံးခန်းတွဲ ၁၇ လုံးနှင့် ၂၄ ပေ x ၁၅ ပေ နှစ်ခန်းတွဲ တစ်လုံး တည်ဆောက် ပြီးစီးပြီဖြစ်၍ ဝန်ထမ်းအိမ်ထောင်စုအချို့ နေထိုင်လျက်ရှိပြီး တည်ဆောက်ဆဲ ယာယီအိမ်ခန်းများ ပြီးစီးသည်နှင့်အမျှ ဝန်ထမ်းမိသားစုများ ဆက်လက်နေရာချထားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအနီးရှိ ယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်း အိမ်ရာများနှင့် ဆောက်လုပ်ဆဲ ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှု၊ ယာယီဘာရှာများတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားပေးမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ယာယီရုံးများ ဖွင့်လှစ်ထားရှိပြီး ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ရုံးပင်မ အဆောက်အအုံနှင့် တိုးချဲ့အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွမ်းကျင်ပညာရှင်များ စစ်ဆေးပြီးသည့် ရုံးအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနီရောင်အဆင့် သတ်မှတ်ထားသည့် ကုံကော်အိမ်ရာ တိုက်အမှတ်(၉)၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များက အဆောက်အအုံ ကြံ့ခိုင်ရေးတိုင်းတာသည့် စက်ကိရိယာငါးမျိုးဖြင့် အဆောက်အအုံ ကြံ့ခိုင်မှုအား စစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြုပြင် တည်ဆောက်ရမည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်ကသိရှိလိုသည်များကိုမေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သပြေ(၂)အဆောင်(၅)အပျိုဆောင်နှင့် သပြေ(၄) အဆောင်(၈) လူပျိုဆောင်တို့တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသောဘိလပ်မြေ အခြေခံဘက်စုံသုံးဆေးမှုန့်(SikaGrout)နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့် နေရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ အနီရောင်အဆင့် သတ်မှတ်ထားသည့် သဇင်(၅) အဆောင်(၁၈) လူပျိုဆောင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အဆောင်များ ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးများ ဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ စနစ်တကျ ဖယ်ရှားရှင်းလင်းထားရှိမှု၊ လိုဏ်တော်အတွင်း ထိခိုက်ခဲ့သည့် နေရာများအားပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားကာ လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ရင်ပြင်တော်အားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် နေပူခံကျောက်ပြားများ စနစ်တကျ ဖယ်ရှားရှင်းလင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံးအနီးရှိ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံးအဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ရှင်းလင်းတင်ပြစဉ်။





# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာဂန္ဓာရုံကျောင်းတိုက်၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များဆက်ကပ်၊ ဝန်ထမ်းများအား တွေ့ဆုံအားပေးပြီး ထိခိုက်ပျက်စီးသော ရှေးဟောင်းဘုရားများ ကြည့်ရှုစစ်ဆေး

မန္တလေး မေ ၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြစံ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆရာတော်ကြီးနှစ်ပါးအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်သည်။



ဦးစွာ မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနက ငါးပါးသီလချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ရ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ဣန္ဒောဘာသာဘိဝံသ မထေရ်မြတ်အား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မဟာမြိုင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသာသန မထေရ်မြတ်ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ မဟာမြိုင်ကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြစံ၊ အမြဲတမ်းအတွင်းဝန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ သာသနာရေးဦးစီးဌာန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ အနုပညာဦးစီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဝန်ကြီးဌာနမှ ဝန်ထမ်း ၅၈၈ ဦးအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတောင်တော်သို့ ရောက်ရှိပြီး ပြန်လည်ပြင်ဆင်လျက်ရှိသည့် ရွှေသိမ်တော်စေတီနှင့် စန္ဒမုခိစေတီတော်တို့ကိုလည်းကောင်း၊ မန္တလေးတောင်တော်သမိုင်းနှင့်ဆက်စပ်လျက်ရှိသော မြွေကြီးနှစ်ကောင်ဘုရားကိုလည်းကောင်း ဖူးမြော်ကြည်ညို၍ တောင်တော်ဂေါပကအဖွဲ့ထံ ဘုရားစေတီများပြုပြင်ရာ၌ လိုအပ်သည့်နေရာတွင် အသုံးပြုရန် အလှူငွေများပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ သတင်းစဉ်

---




## မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၄

မန္တလေးငလျင်ဘေးသင့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဖွံ့ဖြိုးရေးကော်မတီနှင့် အများပြည်သူများက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ငွေကျပ်သိန်း ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန (DMC)ရုံး၌ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေး

နေပြည်တော် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် သုံးဆယ့်ငါးရက်မြောက်နေ့အဖြစ် ဈေးကားရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးသည်။

မတ် ၃၀ ရက်မှ မေ ၄ ရက်အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်ဘူတာကြီး၊ ဥပ္ပါတသန္တိဘုရားပုရိဝုဏ်အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများကို ဆန်ခြောက်ပြည်ပါ (မနောသုခ – Export Quality) ၁၀၂၆၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၀၁ အိတ်၊ ဆီပိဿာ ၃၅၇၇၀၊ ဆား ၁၅၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၅၆၂၄ ထုပ်၊ ငါးပိ ၃၀၆ ပိဿာ၊ ကြက်ကောင်ရေ ၂၅၀၊ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥ ၉၄၉၀၊ ဘဲဥ ၂၄၄၅ လုံး၊ ငုံးဥ ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။



အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၆ အိတ်၊ စားအုန်းဆီ ၄၉၆၃ ပိဿာ၊ ဆား ၇၇ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၉၄ ထုပ်၊ ငါးပိ ၂၆ ပိဿာ၊ ကြက်သွန်နီ ၅၇၈ ပိဿာ၊ အသားတု ၂၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၄၄ အိတ်၊ စားအုန်းဆီ ပိဿာ ၆၃၈၀၀၊ ဆား ၅၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၃ ထုပ်၊ ငါးပိ ၂၂ ပိဿာ၊ ငါးနီတူခြောက်၊ အာပုံခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံကိုင်းစေတီ၌ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အထက(၁)၌ ဆရာ ဆရာမများအား အခြေခံစားသောက်ကုန်များ ပေးအပ်စဉ်။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တက်ရောက်

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လျှင်ဒဏ်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများအတွက် လှူဒါန်းထောက်ပံ့ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) အားကစားခန်းမ၌ ပြုလုပ်ရာ စစ်ကိုင်းမြို့ လေးကျွန်းမြေရပ် လေးကျွန်းမြေအုဋ္ဌကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဓမ္မပိယာလင်္ကာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများ၏ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ ငြိမ်သက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက် လာကြသူများက လေးကျွန်းမြေအုဋ္ဌကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းငွေကျပ်သိန်း ၁၇၂၀ ကို ဆရာတော်ထံလှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ကို မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်လူ ပြည်သူများအတွက် ရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံကိုင်းစေတီသို့သွားရောက်ကာ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ပန်းပဲတန်းရပ်ကွက်နှင့် မိုးဇာရပ်ကွက်တို့ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းများရှိ ဆရာ ဆရာမများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ်အတွင်းရှိ လျှင်ဒဏ်သင့် ပြည်သူများအတွက် ရိက္ခာမယ်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းကို စစ်ကိုင်းမြို့ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀) အားကစားခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် မတ်တတ်ရပ်၍ငြိမ်သက်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရိက္ခာအမယ်ငါးမျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်း ပြောကြားသည်။ ထို့နောက် လျှင်ဒဏ်သင့်ပြည်သူများအတွက် ရိက္ခာအမယ်ငါးမျိုးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ လျှင်ဒဏ်သင့်ပြည်သူများမှ လက်ခံရယူကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ လျှင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့်လမ်းများ ဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မဟာမုနိဘုရားကြီးသို့သွားရောက်၍ မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်သည်။ ယင်းနောက် မဟာမုနိဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားကြီး၏အရှေ့ဘက် စမြင်အားယာယီဒေါက်တိုင်များထောက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဘုရားကြီးရင်ပြင်တွင် သန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဘုရားကြီး ပြုပြင်ဆောင်ရွက်ရေး လုပ်ငန်းတွင် အသုံးပြုရန်အတွက်

စာမျက်နှာ ၇ သို့ ✪



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းရှိ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ လျှင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ နေပြည်တော်ကောင်စီနယ်မြေ၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သင်ကြားမည့် ဆရာ ဆရာမများကို တက္ကသိုလ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများက ဘာသာရပ်ဆိုင်ရာ (TOT) သင်တန်းသင်ကြားပို့ချပေးနေမှုများ ကြည့်ရှုအားပေး

နေပြည်တော် မေ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို သင်ကြားပို့ချပေးမည့် အထက်တန်းပြ ဆရာ ဆရာမများအား တက္ကသိုလ်ပါမောက္ခ၊ ဆရာဆရာမများက ဘာသာရပ်ဆိုင်ရာ(TOT)သင်တန်း သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများက ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ဝင်တန်း Grade-12 သည် အခြေခံပညာအဆင့်တွင် နောက်ဆုံးအဆင့်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ၏ ဘဝရည်မှန်းချက်အတွက် အဆုံးအဖြတ်ပေးနိုင်သောအဆင့်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်စစ်ဆေးရခြင်းရည်ရွယ်ချက်သည် တရားမျှတမှုရှိစေရေး၊ ဂုဏ်သိက္ခာရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်ကိုယ်စီဖြင့် ကြိုးစားအားထုတ်လာကြသော ကျောင်းသား ကျောင်းသူများကို ၎င်းတို့၏ ကြိုးစားအားထုတ်မှုနှင့် ဂုဏ်သိက္ခာအတွက် ထိုက်တန်သည့် အကဲဖြတ်မှုတစ်ခုရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် တရားမျှတမှုရှိစေရန်အတွက် အခွင့်အရေးကိုလက်လွှတ်မခံဘဲ ကြိုးစား၍ ပြန်လည်ဖြေဆိုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ အထက်တန်းပြ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းကို Naypyitaw State Academy၊ ပုသိမ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခ၊ ဆရာ ဆရာမများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၅)၊ အထက(၁၄) တို့တွင် အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ အထက်တန်းပြ ဆရာ ဆရာမများကို ဘာသာရပ်ဆိုင်ရာ(TOT) သင်တန်းကို မေ ၂ ရက်မှ ၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းအပြီးတွင် သင်ကြား၊ သင်ယူခဲ့ကြသည့် ပါမောက္ခ၊ ဆရာ ဆရာမများနှင့် အထက်တန်းပြ ဆရာ ဆရာမများက နေပြည်တော် ရှစ်မြို့နယ်ရှိ သတ်မှတ်ထားသည့် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်တန်းများကို ကိုယ်တိုင်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◎ စာမျက်နှာ ၆ မှ

တန် ၂၂၀ ကရိန်းရောက်ရှိမှုနှင့် နေရာချထားရန် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ မဟာမုနိဘုရားကြီးအား အထူးစီမံကိန်းတစ်ရပ်အဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဂန္ဓကုဋိတိုက်နှင့် ထီးတော် အကြီးစားပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဂန္ဓကုဋိတိုက်အတွင်းပိုင်း ကြံ့ခိုင်မှု အခြေအနေများ၊ ဘုရားကြီးအား အကြီးစား ပြင်ဆင်နေစဉ်ကာလအတွင်း ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရေးတို့အတွက် ရုပ်ရှင်တော်မြတ်ကြီးအား ယာယီအပူဇော်ခံမဏ္ဍပ်တွင် LED ဖြင့်ပြသ၍ အပူဇော်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်သည့် အလှူရှင်များ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန် ယာယီအလှူခံမဏ္ဍပ် ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်နေမှု အခြေအနေများကိုသွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကျက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် နေရာများအား ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

### မှာကြား

ယင်းနောက် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေး စခန်းသို့လည်းကောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေး စခန်းသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်သင့် ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများအား သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျ စီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျနေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျ မှတ်တမ်း ပြုစုထားရှိစေရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ပတ္တာကျေးရွာအုပ်စု၊ စက်မှုဇုန်သွားကားလမ်း ဝဲ/ယာတစ်လျှောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့ပြင် မြစ်သားမြို့နယ် ကူမဲမြို့ အမှတ်(၄) ရပ်ကွက် ကူမဲ-ကင်းတား(၂၁) မိုင်သွားကားလမ်းဘေးရှိ အမှိုက်ပုံနေရာနှင့် လမ်းခွကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင်အမှတ်(၃၆၅) အနီးရှိ အမှိုက်ပုံ နေရာများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်နှင့် ရဲစုရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံနှစ်လုံးအား ယန္တရားဖြင့် ရှင်းလင်း ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး အကြံပြုကြပ်မတ် ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင် အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည် ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၈၂၇ လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင် နေထိုင်နိုင်မည့် အဆောက်အအုံ ၅၅၃၈ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၂၈၉ လုံးမှ အဆောက်အအုံ ၂၃၀ အား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၅၉ လုံးဖြစ်ကြောင်း သိရှိရသည်။

### သွားရောက်စစ်ဆေး

ထို့နောက် စဉ့်ကိုင်မြို့နယ်ရှိ မာမားစက်ရုံနှင့် SunJin မြန်မာ အစာတောင့် စက်ရုံများသို့ သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ စက်ပစ္စည်းများ ချို့ယွင်းခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများ ရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများ ပြန်လည်လည်ပတ်နေမှုများကို သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့် ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့်ရရှိရေးစီမံဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ဟိုပုံးမြို့မှ ထုတ်လုပ်သော ရှမ်းရိုးမဘိလပ်မြေ ၈၉၆၂ အိတ်၊ ကျောက်ဆည်မြို့ M-Steel သံမဏိစက်ရုံမှ ထုတ်လုပ်သော (HRB-400) 10mm (3.9kg) သံချောင်း ၂၃ ဒသမ ၂၅ တန်၊ (HRB-400) 16mm(11.5kg) သံချောင်း ၄၂ ဒသမ ၇၅ တန်နှင့် ကျောက်ဆည်မြို့ ကံကောင်းခြင်း ရတနာ ထုတ်လုပ်မှုလုပ်ငန်း ကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည် စက်ရုံမှ ထုတ်လုပ်သော 7mm(grade-B) အထပ်သား ၄၈၅ ချပ်တို့ကို ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် မေ ၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ဝ၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ဝ၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့်အတွင်းတွင် ၂၀၂၅ ခုနှစ် မေ ၁၃ ရက်မှ ၂၀၂၅ ခုနှစ် မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV. HAI DUONG 86 ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများကုသပေးနေမှုများကို ကြည့်ရှုအားပေး







**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးတွင် ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့်ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများ ကုသပေးနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသအား ဖူးမြော်၍ မဟာဂန္ဓာရုံကျောင်းတိုက်ကြီးရှိ ဆွမ်းစားဆောင်တွင် ထိုင်းနိုင်ငံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ငလျင်ဘေးသင့်ပြည်သူများအား ဆေးဝါးများ ကုသပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အစားအသောက်ရောင်းချသည့်ဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**ကျောက်ဆည် မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် အစားအသောက်ရောင်းချသည့် စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအား ဈေးကွက်စစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းမှ စတင်ကာ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အစားအသောက်ပြုပြင်ရောင်းချသည့်နေရာများ သန့်ရှင်းစွာရှိရေး၊ အစားအသောက်ကိုင်တွယ်ချက်ပြုတ်သူများ၊ ဝန်ဆောင်မှုပေးသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအသောက်များ လတ်ဆတ်သန့်ရှင်းရေး၊ ပေးအပ်သည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ စားသုံးသူများအား လုံလောက်သည့် သတင်းအချက်အလက်များကို အသိပေးဖော်ပြပေးနိုင်ရေး၊ ရောင်းချသည့်စားသောက်ဖွယ်ရာများ၏ အမျိုးအစားအရွယ်အလိုက် ဈေးနှုန်းများ ပွင့်လင်းမြင်သာစွာ ရောင်းချပေးနိုင်ရေး စသည့်အချက်များကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အဆိုပါ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့်အတူ ဈေးကွက်စောင့်ကြည့်စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

**စုစုအေး(ကျောက်ဆည်)**



## ငလျင်ဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနား ကျင်းပ

**စဉ့်ကိုင် မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် မတ် ၂၈ ရက်၌ လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြောင့် ငလျင်ဘေးသင့်၍ သေဆုံးသူ ၁၃၄ ဦး၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်က ငလျင်ဘေးသင့်၍ သေဆုံးသူများ၏ မိသားစုဝင်များကို အားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်ငါးသိန်း၊ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ငွေကျပ်သုံးသိန်း သေဆုံးသူတစ်ဦးလျှင် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၈ သိန်းနှုန်းဖြင့် သေဆုံးသူ ၁၃၄ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၄၁၂ သိန်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အဆင့်ထောက်ပံ့ငွေ ထုတ်ပေးရေးအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းထောက်ပံ့ငွေထုတ်ပေးရေးအဖွဲ့က သေဆုံးသူ ၁၃၄ဦးတို့၏ မိသားစုဝင်များထံသို့ လက်ဝယ်အရောက် ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၃၉၉)

## စက်ပစ်တောင်တံတား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင် ကျေးရွာသွားလမ်းပေါ်ရှိ စက်ပစ်တောင်တံတား ပြန်လည်ပြုပြင်တည်ဆောက်လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများသွားလာရာတွင် အဆင်ပြေစေရန် နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာမှ မိတ္ထီလာ-သာစည်လမ်းမှ စက်ပစ်တောင်ကျေးရွာသွားလမ်းပေါ်ရှိ စက်ပစ်တောင်တံတားအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေကျပ် ၃၇ ဒသမ ၆၅ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တံတားအရှည် ပေ ၄၀၊ အကျယ် ၁၂ပေ ရှိ တံတားအား တံတားရက်မအောက်တွင် သံကူကွန်ကရစ် Bearing Beam များဆောင်ရွက်ခြင်းနှင့် မူလ I Beam များအား Diaphragm ဆောင်ရွက်ခြင်းနှင့်၊ တံတားကြမ်းခင်းနှင့် တံတားလက်ရန်း ပြုပြင်ခြင်းလုပ်ငန်းများကို မတ်လမှ စတင်၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါတံတားပြန်လည် ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(၄၆၉)



ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

## တရားမဝင်လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေဘို မေ ၄**

တရားမဝင် လူကုန်ကူးမှု ပပျောက်ရေးနှင့် မိမိကိုယ်ကိုကာကွယ်နိုင်ရေးအတွက် အသိပညာမြှင့်တင်ပေးရန်ရည်ရွယ်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍တရားမဝင် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်တင်လင်းမောင်က တရားမဝင် လူကုန်ကူးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာတွင် တရားမဝင် လူကုန်ကူးမှုအကြောင်းအရာ၊ ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ မိမိကိုယ်ကို မည်သို့ကာကွယ်ရမည်၊ သံသယရှိပါက မည်သို့သတင်းပေးရမည်နှင့်ပတ်သက်၍ ဥပဒေရေးရာအချက်အလက်များကို အသေးစိတ်ဟောပြောခဲ့သည်။

လူမှုပတ်ဝန်းကျင်တွင် လူကုန်ကူးမှုပပျောက်အောင် တားဆီးကာကွယ်နိုင်ရေး၊ တာဝန်ရှိသူများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို မြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




## စက်သုံးဆီအရောင်းဆိုင်တွင် မီးလောင်မှုဖြစ်ပွား

**မန္တလေး မေ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၆လမ်းနှင့် ၃၅လမ်းထောင့်ရှိ စက်သုံးဆီအရောင်းဆိုင်၏ ခြံဝင်းအတွင်းတွင် ဂါလန် ၃၂၀၀ ဆံ့ ဆီဘောက်ဆာယာဉ်မှ 92 အောက်တိန်းဆီများအား အခြားယာဉ်သို့ လျှပ်စစ်မော်တာဖြင့် ဆီဖလှယ်ရာမှ ဝါယာကြိုးပေါက်ပြီးရှော့စ်ဖြစ်ကာ မီးလောင်မှု မေ ၂ ရက် နံနက် ၇ နာရီဝန်းကျင်က ဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးစီး၍ သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၃၀ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၄၀ဦးတို့သည် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ မီး သတ်ရေသယ်ယာဉ် ၁၀စီးဖြင့် မီးငြိမ်းသတ်ခဲ့ကြပြီး မော်တော်ယာဉ်ရှေ့ခြမ်း၊ အင်ဂျင်ခန်းနှင့် ဆီပိုက်အတွင်းရှိ 92 အောက်တိန်းဆီ ၁၀ ဂါလန်ခန့် မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူအား အမှတ်(၃)နယ်မြေရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၇)**

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်ငါးစီးကို ပို့ကုန်၊ သွင်းကုန် ဥပဒေအရ လည်းကောင်း၊ ပခုက္ကူမြို့ ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ဂါလန် ၂၀၀၊ ဒီဇယ်ဆီ ၁၀ ဂါလန်နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Hiace ယာဉ်တစ်စီးကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၉ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် စွတ်ဆိုင်ကျေးရွာ တာချီလိတ်-ဝမ်ပုံကားလမ်းအနီးရှိ ခြံဝင်းတစ်ခုအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးကိုလည်းကောင်း၊ပင်းတယမြို့နယ် ကျုံးရွာနှင့်ကလောမြို့ ပဲရင်းတောင်ရွာကြား၌ ချင်းရွှေဟော်-လားရှိုးမှ ပင်းတယ-ရွာငံလမ်းကြောင်းအတိုင်း မောင်းနှင်လာသည့် ယာဉ် ၁၃ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၁ မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး၊စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊Howo Tractor Head သုံးစီး၊ Cheng Long Tractor Head သုံးစီး၊ Dong Feng Tractor Head နှစ်စီး၊ Man Tractor Head နှစ်စီး၊ Hino Tractor Head တစ်စီး၊Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်ဆက်တွဲယာဉ် ၁၂ တွဲကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၈ရက်တွင် ဝေါမြို့ Puma ဆီဆိုင်အနီး၌ မော်လမြိုင်မှနေပြည်တော်သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီးနှင့် ဧပြီ ၃၀ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုးနှင့် အဆိုပါ ပစ္စည်းတင်ဆောင်လာသည့် Nissan Condor Truck တစ်စီးတို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၀၃၂ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**






## တာချီလိတ်မြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၌ ဓားဦးချွန်ကိုင်ဆောင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဧပြီ ၂၆ရက် နံနက် ၄နာရီ မိနစ်၄၀တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဝိန်းကျောက်ရပ်ကွက်၊ အာခါဈေးလမ်းပေါ်အရောက်၌ အဆိုပါရပ်ကွက်နေ ရှိုင်းအောင်(၃၀)နှစ်ဆိုသူအား အရိုး၊ အသွား ၁၀လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ရှိုင်းအောင်ဆိုသူအား ဟောင်လိတ်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

မီးကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ။

# KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၄/၁၃၆) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၄

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေးနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကို မလိုလား၍ လမ်း၊တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် တံတားအမှတ်(၄/၁၃၆)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ် တံတားအမှတ်(၄/၁၃၆)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ယနေ့နံနက်အစောပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၃၅/၇ နှင့် ၁၃၆ အကြား အရှည် ၃၇ ပေ၊ အကျယ် ၄၈ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၄/၁၃၆)အား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခဲ့သဖြင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ ကမ်းကပ်ခုံအနီးမှ ထက်ပိုင်းကျိုးကျပျက်စီးခဲ့ပြီး ယာဉ်များဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် ထိုသို့ပျက်စီးသွားသည့် တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် တစ်ကြိမ် မိုင်းထောင်ဖောက်ခွဲခဲ့ပြီး ယနေ့ဖောက်ခွဲခဲ့မှုမှာ တတိယအကြိမ်မြောက် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ထိုသို့မိုင်းထောင်ဖောက်ခွဲမှုကြောင့် ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်မှုမရှိဘဲ ပြည်သူလူထုက ၎င်းတို့၏လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရှိရပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့်တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိ




တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၄

မန္တလေးတိုင်းဒေသကြီးသာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက် ည ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ အနီးတွင် အောင်ပန်းမှ ရန်ကုန်သို့ တင့်ဇော်လင်း(ခ)တင့်ဇော် မောင်းနှင်ပြီး မဇာနည်လင်း လိုက်ပါလာသည့် MITSUBISHI FUSO ခြောက်ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ် ဆေးပြားများ တင်ဆောင်ပေးသူ ရဲသွေးအောင်(ခ) ဖိုးလပြည့်အား အောင်ပန်းမြို့ ဗိုလ်ချုပ်ကွင်းရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ် ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည်နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Han Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာနေ လှမင်းဦး(ခ)လှကြီးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် သစ်ပုတ်ပင် နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကော့သောင်း - ရနောင်းနယ်စပ်ဂိတ်မှ လူဝင်လူထွက်ပုံမှန်အတိုင်းသွားလာလျက်ရှိ

ကော့သောင်း မေ ၄

တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားလာလျက်ရှိသည့် နယ်စပ်ဂိတ်မှ နှစ်နိုင်ငံပြည်သူများ ပုံမှန်အတိုင်း ဝင်/ထွက် သွားလာလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့နှင့် ရနောင်းမြို့မှာ ရေလမ်းခရီးဖြင့်သွားလာရသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံ ပြည်သူများမှာ ပွဲချိတ်၊ စပိဘုတ်များဖြင့် သွားလာလျက်ရှိကြောင်းသိရသည်။



“နှစ်နိုင်ငံနယ်စပ်ဂိတ်က လဝကဂိတ်တွေမှာလည်း နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်/ စာအုပ်တွေကိုပုံမှန်အတိုင်းထုတ်ပေးလျက်ရှိပါတယ်။ မေ ၂ ရက်မှာ ထိုင်းနိုင်ငံဘက်က လူဝင်/ လူထွက် ဂိတ်ပိတ်မယ်ဆိုတာ မဟုတ်မှန်ပါဘူး” ဟု နယ်ခြားကော်မတီအဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

လူမှုကွန်ရက်ပေါ်တွင် ဧပြီ ၂၉ ရက်က ရနောင်းမြို့အုပ်ချုပ်ရေးမှူးအနေဖြင့် မေ ၂ ရက်မှ စတင်ကာ နယ်စပ်ကူးသန်းသွားလာမှုတစ်လ ပိတ်မည်ဖြစ်ကြောင်း၊ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအား အကြောင်းကြားထားရန် စသည့် သတင်းများထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အပေါ် နှစ်နိုင်ငံ တာဝန်ရှိသူများက သတင်းမှားဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ သို့ပါ၍ မေ ၂ ရက်မှ စတင်ပြီး နှစ်နိုင်ငံ ပြည်သူများမှာ ကော့သောင်း-ရနောင်း နယ်စပ်ဂိတ်မှ ပုံမှန်အတိုင်းသွားလာမှု၊ ကုန်သွယ်မှု ပြုလုပ်နေကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# နိုင်ငံတကာ အားကစား သတင်းများ

## အိုတိုဆိုင်တိုအား ရန်ကုန်ယူနိုက်တက်အသင်းမှ တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် မေ ၄**

ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းသည် လာမည့် MNL League Cup 2025 ပြိုင်ပွဲအတွက် ရာသီကြိုပြင်ဆင်မှုများစွာနှင့် ကစားသမားခေါ်ယူပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ပြည်ပကစားသမား ခေါ်ယူအားဖြည့်မှုအဖြစ် မွန်ဂိုလီးယား ပရီးမီးယားလိဂ်ကလပ် ဘရီရာအသင်းမှ ဂျပန်ကစားသမား အိုတိုဆိုင်တိုအား ရန်ကုန်ယူနိုက်တက်အသင်း ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

အိုတိုဆိုင်တိုသည် အသက်(၂၅)နှစ်ရှိပြီဖြစ်ကာ Australia NPL1 ၊ Germany Oberligen နှင့် Mongolia Mongolia Premier League ပြိုင်ပွဲတို့တွင် ကစားခဲ့ပြီး တိုက်စစ်၏ နေရာစုံတွင် လျင်လျင်မြန်မြန် ကစားနိုင်သော ကစားသမားဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းကို ပြောင်းရွှေ့လာခဲ့ရတဲ့အပေါ် အိုတိုဆိုင်တိုမှ "ကျွန်တော် ရန်ကုန်ယူနိုက်တက်ကို ပြောင်းရွှေ့လာရတာ အရမ်းပျော်ပါတယ်။ ကျွန်တော် ဒီအသင်းအတွက် အကောင်းဆုံး ပေးဆပ်ကစားသွားမှာပါ။ ရန်ကုန်ယူနိုက်တက်အသင်း ပရိသတ်တွေကို ဘောလုံးကွင်းထဲမှာ စောင့်နေမယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ကို လာအားပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်" ဟုပြောသည်။

(အောက်ပုံ) (NGB)





## အာရှချန်ပီယံလိဂ် ချန်ပီယံဆုကို အယ်လ်အာလီအသင်း ဆွတ်ခူး

**လန်ဒန် မေ ၄**

အာရှချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်အဖြစ် ဆော်ဒီကလပ် အယ်လ်အာလီအသင်းနှင့် ဂျပန်ကလပ် ကာဝါဆာကီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အယ်လ်အာလီအသင်းက ကာဝါဆာကီအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

အယ်လ်အာလီအသင်းသည် အာရှချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ချန်ပီယံဆုအား ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

အယ်လ်အာလီအသင်းထုတ်ပြန်ချက်တွင် "အာရှချန်ပီယံလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန် ပေးဆပ် ကြိုးစားခဲ့သူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ) (NGB)

## အဲရစ်ဒိုင်ယာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာမည်

**မြူးနစ် မေ ၄**

ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အဲရစ်ဒိုင်ယာ ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အဲရစ်ဒိုင်ယာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၆ပွဲကစားပြီး ၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် အသက်(၃၁)နှစ်အရွယ်ရှိ အဲရစ်ဒိုင်ယာအနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## 2025 Mutua Madrid Open အမျိုးသမီး တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Aryna Sabalenka ဆွတ်ခူး

**မက်ဒရစ် မေ ၄**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဘီလာရုတင်းနစ်မယ် Aryna Sabalenka က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ဘီလာရုတင်းနစ်မယ် Aryna Sabalenka သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ Aryna Sabalenka က "ကျွန်မအခုလို 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အောက်ပုံ) (NGB)



## ဂျိုလင်တန် ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်အထိ အနားယူရဖွယ်ရှိ

**လန်ဒန် မေ ၄**

နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂျိုလင်တန်သည် ဒူးဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီအကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းက အက်စတွန်ဗီလာအသင်းအား လေးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂျိုလင်တန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။



အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျိုလင်တန်သည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၂၂၀ကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(ဝဲပုံ) (NGB)

## ဂိုးသမား ဂါစီယာအား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စီစဉ်

**လန်ဒန် မေ ၄**

အက်စတွန်ဗီလာအသင်းသည် အက်စ်ပန်ညိုအသင်း ဂိုးသမား ဂါစီယာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဂိုးသမား ဂါစီယာသည် အက်စ်ပန်ညိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၂ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



အက်စ်ပန်ညိုအသင်းကလည်း ဂိုးသမား ဂါစီယာအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် အက်စ်ပန်ညိုအသင်းထံမှ ဂါစီယာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Casper Ruud တက်ရောက်

**မက်ဒရစ် မေ ၄**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ နော်ဝေတင်းနစ်ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo အား ၆-၄၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် ဂရိတ်ဗြိတိန်တင်းနစ်ကစားသမား Jack Draper တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၅-၂၀၂၅ | (၁၂)ပဲလေ့စ် - နော်တင်ဟမ်(၆) | ပဲလေ့စ် ၀-၀ နော်တင်ဟမ် | ပဲလေ့စ်(အိမ်) | ၁၇ | ၅ | ၆ | ၆ | ၁၉ | ၂၃ |
| နံနက်၀၁:၃၀နာရီ | (နော်တင်ဟမ် ၁-၀ ပဲလေ့စ်) | နော်တင်ဟမ် ၁-၁ ပဲလေ့စ် | နော်တင်ဟမ်(ဧည့်) | ၁၇ | ၉ | ၂ | ၆ | ၂၉ | ၂၀ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၅-၂၀၂၅ | (၁၃)ဂျီနိုအာ - အေစီမီလန်(၉) | ဂျီနိုအာ ၀-၁ အေစီမီလန် | ဂျီနိုအာ(အိမ်) | ၁၇ | ၅ | ၇ | ၅ | ၁၈ | ၂၀ |
| နံနက်၀၁:၄၅နာရီ | (အေစီမီလန် ၀-၀ ဂျီနိုအာ) | အေစီမီလန် ၃-၃ ဂျီနိုအာ | အေစီမီလန်(ဧည့်) | ၁၇ | ၈ | ၂ | ၇ | ၂၃ | ၂၃ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၆-၅-၂၀၂၅ | (၁၆)ဂျီရိုနာ - မာယော့ကာ(၉) | ဂျီရိုနာ ၅-၃ မာယော့ကာ | ဂျီရိုနာ(အိမ်) | ၁၆ | ၆ | ၃ | ၇ | ၂၆ | ၂၅ |
| နံနက်၀၁:၃၀နာရီ | (မာယော့ကာ ၂-၁ ဂျီရိုနာ) | မာယော့ကာ ၂-၁ ဂျီရိုနာ | မာယော့ကာ(ဧည့်) | ၁၆ | ၆ | ၂ | ၈ | ၁၄ | ၂၀ |

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြား

**ပုဗ္ဗသီရိ မေ ၄**

၂၀၂၅ ခုနှစ်၊ ဇွန် ၁၆ ရက်တွင် ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်းလေ့ကျင့်သင်ကြားပေးမည့် အခြေခံပညာကျောင်းများနှင့် သင်ခန်းစာပို့ချနေမှုကို ယမန်နေ့နေ့လယ်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ဇေယျာသီရိခရိုင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ ရာနှုန်းပြည့် စခန်းသွင်းလေ့ကျင့်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျောင်းသား၊ ကျောင်းသူများ သင်ကြားမည့် စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် သင်ခန်းစာပို့ချနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**တာလေ မေ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂ ရက် နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်၍ အခမဲ့ငှားရမ်းပေးခဲ့သည်။

ထိုသို့ ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ရသစာအုပ်ပေါင်း ၁၅၀ ကို သယ်ဆောင်၍ တာလေမြို့ရှိ ထွေ/အုပ်၊ စည်ပင်သာယာရေးဌာနနှင့် အမှတ်(၃)ရပ်ကွက်နေ ပြည်သူများထံမှ ယခင်အပတ်မှ ငှားရမ်းထားသော စာအုပ်၊ စာစောင်များ ပြန်လည်အပ်နှံမှုကို လက်ခံခြင်း၊ စာအုပ်၊ စာစောင်အသစ်များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တာလေမြို့ရုံးအနေဖြင့် စာချစ်သူမိဘပြည်သူများနှင့် လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အမှား၊ အမှန်ဝေဖန် ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့် အလေ့အထများ ရရှိစေရန်နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုနိုင်ခြင်း မရှိသည့် စာဖတ်ပရိသတ်များအား အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ အပတ်စဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် ကန်တော်နဒီဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော ချို့တဲ့နွမ်းပါးလူနာများအား ငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့

**မန္တလေး မေ ၄**

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးနှင့် ကန်တော်နဒီဆေးရုံတို့တွင် တက်ရောက်ကုသလျက်ရှိသော ငလျင်ဘေးသင့်လူနာ၊ ကင်ဆာဝေဒနာရှင် ချို့တဲ့နွမ်းပါးလူနာများအား လစဉ်ငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါဆေးရုံကြီးကုသဆောင်များတွင် ကူညီထောက်ပံ့ပေးခဲ့သည်။

ချို့တဲ့နွမ်းပါးလူနာများအား လှူဒါန်းပွဲသို့ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ ဆေးလူမှုဆက်ဆံရေးအရာရှိနှင့် အလှူရှင် ဦးအောင်ကျော်ဦးနှင့် မိတ်ဆွေသူငယ်ချင်းများ၊ မန္တလေးတက္ကသိုလ် ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ကြပြီး ချို့တဲ့နွမ်းပါးလူနာတစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် လူနာ ၁၀၁ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၀၁ သိန်းနှင့် စားသောက်ဖွယ်ရာများ ကုသိုလ်ပြု လှူဒါန်းခဲ့ကြသည်။

အလားတူ မန္တလေးမြို့နေ ကိုချွန်+မနိုင် မိသားစုကလည်း လူနာတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် လူနာ ၁၀၁ ဦးအတွက် ငွေကျပ် သိန်း ၅၀ ကျော် လှူဒါန်းခဲ့ကြသည်။ ဆင်းရဲနွမ်းပါးလူနာများအား လစဉ် လှူဒါန်းနိုင်ရေးအတွက် စေတနာရှင်များ ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၄၅)**



## ဟိုတယ်အောင်ပန်းတွင် ကွယ်လွန်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**ကလော မေ ၄**

မန္တလေးငလျင်ကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ဟိုတယ်အောင်ပန်းတွင် ကွယ်လွန်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သော ငွေများအား ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကလောမြို့နယ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ကလောမြို့နယ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းက မန္တလေးငလျင်ကြောင့် ကလောမြို့နယ်၊ ဟိုတယ်အောင်ပန်းတွင် ကွယ်လွန်သူ မိသားစုဝင်များအတွက် အားပေးစကားပြောကြားခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သောငွေများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဟိုတယ်အောင်ပန်းတွင် ကွယ်လွန်သွားသူများ၏ အုပ်ထိန်းသူမိဘများထံသို့ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် သေဆုံးသူ ၁၁ ဦးတို့အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပင်းတယနယ်ထွက် 'ရွှေဖီဦးမိုးလွှတ်' ရှက်နုလက်ဖက်ခြောက်များ အရောင်းအဝယ် ကောင်း

**ပင်းတယ မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ရပ်ကွက်၊ ကျေးရွာများတွင် နွေဦးကာလ၌ မိရိုးဖလာ လက်ဖက်ခြံ၊ လက်ဖက်ပင်များမှ ထွက်ရှိသော 'ရွှေဖီဦးမိုးလွှတ်' ရှက်နုလက်ဖက်ခြောက် ထုတ်လုပ်ရောင်းချပေးသည့် ရောင်းဝယ်ရေးလုပ်ငန်းများ ယခုမေလ ပထမပတ်တွင် အဆင်ပြေ အောင်မြင်လျက်ရှိကြောင်း ဒေသခံ လက်ဖက်စိုက်ပျိုးကြသည့် တောင်သူများထံက သိရသည်။

ဓနုဒေသ ပင်းတယမြို့နယ် မြို့ပေါ်ရပ်ကွက်(၁၃)ရပ်ကွက် ကျေးရွာအုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၅ ရွာရှိ တောင်ယာလယ်ယာခြံများတွင် ရှေးရိုးရာ မိရိုးဖလာ မိသားစု စားဝတ်နေရေးလုပ်ငန်း သမိုင်းဝင် လက်ဖက်ပင် စိုက်ပျိုးခူးဆွတ် ထုတ်လုပ်ရောင်းချရေးလုပ်ငန်းအဖြစ် ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း စသည့် တိုင်းရင်းသားမိဘပြည်သူများ၏ အဓိက စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသည့် လက်ဖက်ခြောက်၊ လက်ဖက်စို ခူးဆွတ်ထုတ်လုပ်ရေးလုပ်ငန်းတွင် ဧပြီလလယ်မှ စတင်ခူးဆွတ်ထုတ်လုပ်ရသည့် 'ရွှေဖီဦးမိုးလွှတ်' လက်ဖက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ မှ ၂၂၀၀၀ ဈေးနှုန်းဖြင့် ဈေးနှုန်းသတ်မှတ် မှန်ကန်စွာ ရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့လျက်ရှိကြောင်း ပင်းတယမြို့နယ်၊ ဒရယ်အင်း ကျေးရွာရှိ ရွှေဖီဦးမိုးလွှတ် လက်ဖက်ခြောက်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သည့် ဦးမောင်စိုက ပြောသည်။

ဓနုဒေသ ပင်းတယမြို့နယ်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သော ဆန်၊ စပါး၊ ပဲအမျိုးမျိုး၊ နှစ်တို၊ နှစ်ရှည် သီးနှံအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး စိုက်ပျိုးရေးလုပ်ငန်းများကို မိသားစုစားဝတ်နေရေးအတွက် အဓိကစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြရာတွင် ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး တောင်ယာလယ်ယာခြံများ၌ မိရိုးဖလာ ဘိုးဘွားအမွေ လက်ဖက်စိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်းနှင့် လက်ဖက်ခြောက်၊ လက်ဖက်စိုများ ခူးဆွတ်ထုတ်လုပ်ရောင်းချပေးခြင်းလုပ်ငန်းသည်လည်း အရေးပါလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၃၃၈)**

*-*-*-*-*



# ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိရေးနှင့် စားသုံးဆီများ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချရေးတွေ့ဆုံဆွေးနွေး

**မြင်းခြံ မေ ၄**

ကုန်စည်များတွင်ကုန်အညွှန်း အမှတ်အသားပြည့်စုံစွာပါရှိရေး နှင့် စားသုံးဆီများ သတ်မှတ် ကာလအတွင်း သတ်မှတ်ပမာဏ ကို သတ်မှတ်ဈေးနှုန်းဖြင့် အရည် အသွေး၊ အလေးချိန်ပြည့်ဝစွာ ရောင်းချရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မေ ၃ ရက် မွန်းလွဲ ၂ နာရီက စားသုံးသူ ရေးရာဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး၊ မြင်းခြံခရိုင်ရုံးတွင် ကျင်းပသည်။



တွေ့ဆုံပွဲတွင် စားသုံးသူ ရေးရာဦးစီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းစိုးက အသေးစား၊ အငယ်စား၊ အလတ် စားစီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် ကုန်စည်များတွင် ကုန် အညွှန်းအမှတ်အသား ပြည့်စုံစွာ ပါရှိရေး၊ ကုန်အညွှန်းအမှတ် အသားမရှိပါက လျှောက်ထားစေ ရေးနှင့် စားသုံးဆီလုပ်ငန်းရှင်များ အနေဖြင့် သတ်မှတ်ကာလ အတွင်း သတ်မှတ်ပမာဏကို သတ်မှတ်ဈေးနှုန်းဖြင့် အရည် အသွေး၊ အလေးချိန်ပြည့်ဝစွာ ရောင်းချရေးအတွက် ဆွေးနွေး ပြောကြားသည်။ ထို့နောက် တက်ရောက်လာသော စီးပွားရေး လုပ်ငန်းရှင်များ၏ သိလိုသော မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၄၅)

*- *- *- *- *




# ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**ကလေး မေ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းရည်မှန်းချက် များ တာဝန်ပေးအပ်ပွဲ အခမ်း အနားကို မေ ၂ရက် နံနက် ၁၀ နာရီက ကလေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့် က အဖွင့်အမှာစကားပြောကြား ခဲ့သည်။

ထို့နောက် ကလေးခရိုင် စီမံ ကိန်းဦးစီးမှူး၊ ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်မော်အေးက ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များ နှင့်ပတ်သက်၍ Projector, Power Point များဖြင့် ရှင်း လင်းတင်ပြခဲ့ပြီး ကလေးခရိုင်နှင့် မြို့နယ်အဆင့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များကို ကလေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တာဝန်ရှိ သူများထံ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများနှင့် ဝန်ထမ်းများ တက် ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*- *- *- *- *

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် အနီးကပ်သင်ကြား ပို့ချပေးလျက်ရှိ

**ကျောက်ပန်းတောင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ(Grade-12)ကို ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အား ဘာသာရပ်အလိုက် အနီး ကပ် သင်ကြားပို့ချခြင်းကို မေ ၃ ရက်မှစတင်၍ စံပြရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက် တန်းကျောင်းတွင် တက္ကသိုလ်များ မှ ပါမောက္ခများနှင့် ကထိက များ၊ (TOT) သင်တန်းဆင်း ဆရာ၊ ဆရာမများဖြင့် သင်ကြား ပို့ချပေးလျက်ရှိသည်။

ကျောက်ပန်းတောင်းမြို့နယ် တွင် မေ ၂ ရက် နံနက်ပိုင်းက မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ စန်းစန်း အေးက ဘောဂဗေဒ ဘာသာရပ် ဆိုင်ရာများကို ဆွေးနွေးပို့ချ ပေးခဲ့ပြီး ယနေ့တွင် ဘာသာတွဲ အလိုက် (ဘာသာရပ်အားလုံးကို) တစ်မြို့နယ်လုံးမှ တက္ကသိုလ်ဝင် စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူတို့အား ဘာသာတွဲအလိုက် အခန်းများခွဲ ၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ် မှ ပါမောက္ခနှင့် အခြားတက္ကသိုလ် များမှ ပါမောက္ခ ဒေါက်တာ သိန်းဝင်းဦးဆောင်သည့် ပါမောက္ခ များနှင့် ကထိက ဆရာ၊ ဆရာမ ၂၁ ဦး၊ (TOT) သင်တန်းဆင်း ဆရာ၊ ဆရာမ ၄၃ ဦးတို့က အနီးကပ်သင်ကြား ပို့ချပေးနေ ခြင်းဖြစ်ကြောင်း သိရပြီး အဆိုပါ သင်ကြားပို့ချမှုကို မေ ၂ ရက်မှ ၅ ရက်အထိ ဆောင်ရွက်သွား မည် ဖြစ်သည်။

ထိုသို့ ဘာသာရပ်ဆိုင်ရာ အနီးကပ်သင်ကြားပို့ချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်း လွင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး (တာဝန်) ဒေါ်အေးအေးမော်နှင့် ဒုတိယ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၆)



ကျေးရွာသစ်တော၊
ထင်းမှော်အိမ်တိုင်
လိုင်လိုင်ရဖို့
သစ်ပင်စိုက်ပျိုးစို့ ။

# မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက စိုက်ပျိုးပြီးစီး၊ သီးနှံအထွက်နှုန်းများ ကောင်းမွန်ရေး တောင်သူများ ကြိုးပမ်းဆောင်ရွက်

**ပွင့်ဖြူ မေ ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေ သီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီ စိမ်းသီးနှံ ၆၂၃၉ ဧက စိုက် ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံ တောင်သူများက မဲဇလီရေလွှဲ ဆည်ရေဖြင့် ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံစိုက်ပျိုးခြင်းကို မိုးသီးနှံနှင့် နွေသီးနှံစိုက်ပျိုးရာသီ တွင် အားထားစိုက်ပျိုးလုပ်ကိုင် ကြပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုး ရာသီ၌ သီးနှံဝင်ငွေတိုးပွားရေး အတွက် ပဲတီစိမ်းကို မိုးကြိုသီးနှံ အဖြစ် မတ်လမှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့အထိ ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများက စိုက်ပျိုးပြီးစီး သည့် ပဲတီစိမ်းစိုက်ခင်းများတွင် သီးနှံအထွက်နှုန်းများ ကောင်းမွန် စေရေးအတွက် မြေဩဇာကျွေး ခြင်း၊ ရေဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းစသည့် စိုက်ပျိုးရေး သွင်းအားစု လုပ်ငန်းများကို ကြိုး ပမ်းဆောင်ရွက်လျက်ရှိသည်။

"ယခုနှစ် နွေသီးနှံစိုက်ပျိုး ရာသီမှာ ဒေသခံတောင်သူတွေ က ဒေသတွင်း စားနပ်ရိက္ခာဖူလုံ စေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့ ပဲတီစိမ်းသီးနှံကို မိုးကြိုသီးနှံ အဖြစ် စိုက်ပျိုးကြပါတယ်။ ဒီနေ့ အထိ မိုးကြိုပဲတီစိမ်းစိုက်ဧက ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ် ပါတယ်။ ပဲတီစိမ်းသီးနှံဟာ ဈေး ကွက်ရှိတဲ့ သီးနှံဖြစ်လို့ တောင်သူ တွေက မဲဇလီရေလွှဲဆည်ရေနဲ့ နှစ်စဉ် ဖေဖော်ဝါရီလ၊ မတ်လမှာ စိုက်ပျိုးလေ့ရှိပါတယ်။ ဒေသခံ တောင်သူတွေကို ပဲတီစိမ်းသီးနှံ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက် နှုန်းကောင်းဖို့အတွက် မျိုးကောင်း မျိုးသန့်များ သုံးစွဲကြရန်၊ သဘာဝ မြေဩဇာနဲ့ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲကြရန် အသိပညာပေး ခြင်းကို ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြော သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးကြိုပဲတီစိမ်းစိုက်ပျိုးတောင်သူ များကို တစ်ဧက ပန်းတိုင် အထွက်နှုန်းများ ရရှိစေရန်၊ စိုက် ဧကများ တိုးချဲ့စိုက်ပျိုးကြဖို့ အရည်အသွေးကောင်းသီးနှံများ ရရှိရန်၊ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာန ဝန်ထမ်းများက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့် များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ စိုက်ပျိုးရေးသွင်း အားစုပစ္စည်းများ အချိုးကျ မှန်ကန်စွာ သုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးအသိပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင် ရွက်ပေးလျက်ရှိသည်။

တောင်သူများအနေဖြင့် ပဲတီစိမ်းသီးနှံကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါ က ဒေသတွင်း စားသုံးမှုကို ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုး နိုင်အောင် ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူးက ပြော ကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



ဝတ္ထုတိုကဏ္ဍ

# အိမ်ဖျော်လက်ဖက်ရည်

အေးမြမောင်



တနင်္ဂနွေနေ့ ...

နံနက်စောစောထသည်။ မျက်နှာသစ်ပြီးသည်နှင့် ရပ်ကွက်ထိပ်မှ ဈေးသို့ လမ်းလျှောက်သွားခဲ့သည်။ ဈေးအတွင်း တစ်ပတ်လှည့်ကြည့်သည်။ ဝက်သား ၅၀ ကျပ်သား ဝယ်သည်။ ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်နှင့် ခရမ်းချဉ်သီးနည်းနည်း ဝယ်သည်။ လက်ထဲတွင် ဘာမှမပါသေး။ ပါသော ပိုက်ဆံ ၄၀၀၀၀ ကုန်တော့မည်။ တော်လောက်ပြီ။ အိမ်ပြန်လာခဲ့သည်။ အိမ်ရောက်တော့ မအိမ်သူက ထမင်းအိုး တည်ထားပြီးပြီ။ ဟင်းချက်စရာကို မအိမ်သူလက်ထဲအပ်ပြီး ရေချိုးသည်။ ရေချိုးပြီးသည်နှင့် မအိမ်သူပြင်ပေးထားသော ဟင်းအိုးနား ထိုင်ကြည့်ပေးသည်။ မအိမ်သူက တစ်လှည့် ရေချိုးသည်။

မအိမ်သူ ရေချိုး၊ အဝတ်လဲ ပြင်ဆင်ပြီးချိန် ထမင်း၊ ဟင်းလည်း ကျက်ပြီ။ သမီးကြီးအတွက် ထမင်းချိုင့်ပြင်ပေးသည်။ ပြီးလျှင် ကျန်သောထမင်း၊ ဟင်းများကို လေးဆင့်ချိုင့်တွင် ထည့်၍ အဝတ်အစားလဲသည်။ ဆိုင်ကယ်ကို ထုတ်၊ ထမင်းချိုင့် ဆွဲ၍ အိမ်ရှေ့မှ အော်ခဲ့သည်။

'သမီးကြီးရေ ထမင်းချိုင့် ထည့်ပေးခဲ့တယ်။ အဖေတို့၊ အမေတို့ သွားပြီဟေ့ ...'

ဆိုင်ကယ်မောင်း၍ ရန်ကင်းတောင်ခြေဘက်သို့ ထွက်ခဲ့သည်။

*-*-*-*-*

ခြံထဲသို့ ဆိုင်ကယ်ဝင်၍ သစ်ပင်ရိပ်တွင် ရပ်လိုက်သည်နှင့် အိမ်ထဲမှ အစ်ကိုကြီးက လှမ်း၍ အော်သည်။ 'ဟေ့ ... နောက်ကျတဲ့သူတွေ လက်ဖက်ရည် ဒဏ်ခံရမယ်ဟေ့ ...'

ကျွန်တော်က ပြုံးပြီး

'အရင်အပတ်က ကျွန်တော် ဒဏ်ခံပြီးပြီ။ ဒီအပတ်က ကိုယ်အလှည့်လေဗျာ ...။ အလှည့်မကျော်ရဘူးလေ ...' ဟု ပြန်ပြောရင်း အိမ်ထဲ ဝင်ထိုင်လိုက်သည်။ ကိုယ်က ...

'အေးပါကွာ။ အဆင်သင့် ပါဆယ်ဝယ်ခဲ့ပြီးပါပြီဗျာ ...' ဟု ဆီး၍ ပြောသည်။

မောင်နှမအားလုံး စုံနေကြပြီဖြစ်သည်။

ညီငယ် မောင်ကျော်က ပြောသည် ...

'ကျွန်တော်ကတော့ ဒီနေ့ သီးစုံကုလားပဲဟင်းနဲ့ ငါးပိ၊ တို့စရာပဲ ပါခဲ့တယ်ဗျ ... မမကြီးက ငါးဟင်း ... မမလေးက ကြက်ကုန်းဘောင်ကြီးကြော်လာခဲ့တယ်။ အစ်ကိုက ဘာဟင်းပါလဲ ...'

'ညီလေးရေ ဝက်သားနဲ့ ချဉ်ရည်ဟင်းပါတယ်ဟေ့ ...' အားလုံးပျော်မြူးနေကြသည်။

*-*-*-*-*

ကျွန်တော်တို့ ညီအစ်ကို၊ မောင်နှမများသည် တစ်ရပ်ကွက်စီတွင် နေထိုင်ကြသော်လည်း တနင်္ဂနွေတစ်ရက်တွင် (သို့မဟုတ်)တစ်ပတ်တစ်ကြိမ် ထမင်းချိုင့် ကိုယ်စီထုတ်၍ ရန်ကင်းတောင်ခြေမှ အစ်ကိုကြီး၏ခြံတွင် ထမင်းစုစားရင်း စကားပြော တွေ့ဆုံသည့်အလေ့ကို ကိစ္စကြီးငယ်ရှိမှသာ ဖျက်လေ့ရှိကြသည်။ အပတ်စဉ် ညီအစ်ကို၊ မောင်နှမများ တွေ့ဆုံ၍ ထမင်းဝိုင်း၊ လက်ဖက်ရည်ဝိုင်းဖြင့် ငယ်စဉ်က အကြောင်းများ ပြန်ပြောင်းပြောရင်း ရယ်မောပျော်ရွှင်စွာဖြင့် အချိန်ဖြုန်းလေ့ရှိကြသည်။

အဆင်သင့်ရှိသော ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို မြည်းရင်း အစ်ကိုကြီးက ...

'ဟေ့ ... အစောကြီးရှိသေးတယ်၊ ထမင်းစားဖို့ အချိန်လိုသေးတယ်၊ လက်ဖက်ရည်သောက်ကြရအောင်' ဟု တိုက်တွန်းသည်။ အားလုံး လက်ဖက်ရည်ကြိုက်ကြသဖြင့် အထူးညှိနေစရာမလို ... 'အငယ်ဆုံးက ထငဲ့ပေးဟေ့ ...' ဟု အစ်မကြီးက ဆော်သြသည်။

လက်ထဲရောက်လာသော လက်ဖက်ရည်ကို တစ်ကျိုက်မျှ သောက်ကြည့်ရာ အရသာ အနည်းငယ်ပေါ့နေသဖြင့်

'အစ်ကိုလေး လက်ဖက်ရည်က ပေါ့နေတယ်ဗျ၊ ဆိုင်က ဝယ်လာတာ မဟုတ်ဘူးမို့လား၊ အိမ်မှာ ဖျော်လာတာလား ...' ဟု မေးရာ အစ်ကိုလေးက

'အိမ်မှာဖျော်ရင် ပိုကောင်းမှာပေါ့ကွ ... ဆိုင်က ဝယ်လာတာ' ဟု ပြောသည်။

အစ်မကြီးက ဝင်ပြောပြန်သည်။

'မင်းအိမ်က သား၊ သမီးတွေ နို့ဆီဘူးကို မင်းမသိအောင် ခိုးစုပ်ထားကြလို့ လက်ဖက်ရည်ပေါ့နေတာနေမှာ...'

ညီအစ်ကို၊ မောင်နှမအားလုံး တဟားဟားဖြင့် ရယ်ကြသည်။ ရယ်ရသော ဇာတ်လမ်းလည်း ရှိခဲ့သည်။ ငယ်စဉ်ကလေးဘဝအချိန်က ကျွန်တော်တို့ အိမ်တွင် အမေက နံနက်လင်းသည်နှင့် လက်ဖက်ခြောက်ကို နှပ်ထားပြီး ကုလားမခြင်းဆွဲ နို့ဆီဘူး၊ သကြားနှင့် ဖျော်၍ ထမင်းကြော်ဖြင့် နံနက်စာ စီစဉ်ပေးလေ့ရှိသည်။ ကိုယ့်ပန်းကန် ကိုယ်ဆေး၍ ကြီးစဉ်ငယ်လိုက် တန်းစီ၍ မီးဖိုဆောင်သို့ သွားရသည်။ အမေက ထမင်းကြော်နှင့် လက်ဖက်ရည်ကို စကေးဖြင့် ထည့်ပေးသည်။ နောက်တစ်ကြိမ် တန်းစီ၍မရ။ ဖခင်အားလည်း ထမင်းကြော် တစ်ပန်းကန်နှင့် လက်ဖက်ရည်တစ်ခွက် ထည့်ပေးထားပြီး ဝိုင်းထိုင်၍ စားရသည်။ ဖခင်က လက်ဖက်ရည်ကို တစ်ကျိုက်မော့ပြီးသည်နှင့်

'ဟေ့ ... နို့ဆီဘူး ခိုးစုပ်တဲ့သူ ဘယ်သူလဲ၊ ထမင်းစားပြီးရင် လာပြော' ဟု ဆိုကာ ထမင်းဆက်စားသည်။ မောင်နှမအားလုံး ထမင်းစားရင်း တစ်ယောက်နှင့်တစ်ယောက် ပြုံးကြည့်နေကြသည်။ ထမင်းစားပြီးသည်နှင့် ဖခင်ရှေ့တွင် တန်းစီရသည်။ နို့ဆီဘူး ခိုးစုပ်သူ တရားခံဖော်တော့မည်ဖြစ်သည်။ မည်သူမျှ မဖော်ကြ။ ထိုင်ထ အခါနှစ်ဆယ်စီ ဒဏ်ပေးခံရသည်။ မောင်နှမများ သူခိုးစုပ်သည်၊ ကိုယ်ခိုးစုပ်သည် ငြင်းကြသည်။

အမှန်က အားလုံး တစ်ယောက်မှ မလွတ်။ နို့ဆီဘူးကိုဖောက်၍ တစ်ဝက်ကို ဖျော်ကာ တစ်ဝက်ကို နောက်တစ်နေ့အတွက် ရေခံထားသော ပန်းကန်တွင် ထည့်၍ ကြောင်အိမ်၌ ထားလေ့ရှိသည်။ ညီအစ်ကို၊ မောင်နှမများ အမေ့အလစ်တွင် နို့ဆီဘူးအား ဝင်၍ စုပ်ကြခြင်းဖြစ်သည်။ လက်လွန်သွား၍ နို့ဆီဘူးက နည်းနည်းသာ ကျန်လျှင် ရေနွေးရောထားခဲ့သည်။ နံနက် လက်ဖက်ရည်ဖျော်လျှင် နို့ဆီနည်းသောကြောင့် ချို၊ ပေါ့၊ ကျ၊ ဆိမ့် လက်ဖက်ရည် အရသာဖြစ်နေသည်။ အဖေက သောက်လိုက်သည်နှင့် သိသည်။ အိမ်ဖျော်လက်ဖက်ရည် သောက်နေကျဖြစ်၍ ဖြစ်သည်။

မောင်နှမတစ်စု ငယ်စဉ်က နို့ဆီဘူး ခိုးစုပ်သည့်အကြောင်းပြောပြီး ရယ်ကြရသည်။ ပြီးလျှင် ထမင်းစားကြသည်။ အိမ်ဖျော်လက်ဖက်ရည်ကိုတော့ တစ်သက်လုံး သတိရနေမည်သာဖြစ်သည်။

'ဟင်းလည်း ခွဲတန်းကျပဲနော်၊ ပိုမစားရဘူး' ဟု အစ်မကြီးက စ,နေသေးသည်။ ငယ်ငယ်ကဘဝကို မောင်နှမအားလုံး သတိရနေကြသည်။ အငယ်ဆုံးကောင်က တိုင်ပြောသဖြင့် ကိုကိုကြီး အရိုက်ခံရသည့်အကြောင်းလည်း ပြော၍ ရယ်ရသေးသည်။ ပြောရင်းဖြင့် ကိုကိုကြီးက ကိုယ်ကို ခေါင်းခေါက်လိုက်သေးသည်။ 'ခုက လက်စားချေတာကွ' တဲ့ ...

ညီအစ်ကို၊ မောင်နှမများ၏ ရယ်သံက ခြံအတွင်း၌ ပျံ့လွင့်၍နေသည်။ ငယ်စဉ်ကတည်းက စည်းလုံးခဲ့သော မောင်နှမများ ယခု အသက် ၆၀ ကျော်သည်အထိ အတူနေ၊ အတူစားနိုင်သည့်ဘဝ၊ စည်းလုံးနိုင်သောဘဝဖြစ်အောင် သင်ကြားပေးခဲ့သော မိဘများကို ကျေးဇူးတင်လှသည်။ မောင်နှမသားချင်း စည်းလုံးခြင်းသည် မင်္ဂလာပါတကား ...။

## တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အထက(၁၃)ကျောင်းတွင် Camp (စခန်းသွင်း) ဖွင့်လှစ်သင်ကြားပေးလျက်ရှိ



မန္တလေး မေ ၄

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့် ကျောင်းသား၊ ကျောင်းသူများအတွက် အောင်ချက်မြင့်မားရေးနှင့် သင်ယူမှုများ ပိုမိုထိရောက်စေရန်အတွက် မဟာအောင်မြေမြို့နယ်တွင် အ.ထ.က (၁၃)ကျောင်းဝင်းအတွင်း၌ ဧပြီ ၂၈ ရက်မှစ၍ Camp (စခန်းသွင်း)ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ငလျင်ဒဏ်ကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် Camp (စခန်းသွင်း) လေ့ကျင့်သင်ကြားရန် ဆန္ဒရှိသူများအတွက် လက်ခံသင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ လုံခြုံရေး၊ နေထိုင်စားသောက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် သင်ထောက်ကူပစ္စည်းများအတွက် ကူညီပံ့ပိုးသွားမည် ဖြစ်သည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့် ကျောင်းသား၊ ကျောင်းသူများ Camp(စခန်းသွင်း)လေ့ကျင့်သင်ကြားပေးမှုနှင့် နေထိုင်စားသောက်ရေးတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များမှ အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ) (၀၅၆)

## သဘာဝဘေးအန္တရာယ်အမျိုးမျိုးကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့၊ အလှူငွေ ပေးအပ်

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် အမျိုးမျိုးမှ ကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်းကို မေ ၁ ရက် နံနက် ၇ နာရီက ချမ်းမြသာစည်မြို့နယ်၊ မန္တလေး-ပြင်ဦးလွင် လမ်းဘေးရှိ မြတဘာက်ဘုရားတွင် ပြုလုပ်သည်။

သဘာဝဘေးအန္တရာယ် ကင်းဝေးစေရေး ဆုတောင်းမေတ္တာ ပို့သမှုများတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ် ဦးစီးမှူးများ၊ မန္တလေးခရိုင် အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူးများနှင့် တပ်ခွဲမှူးများ တက်ရောက်ကြပြီး မြတဘာက်ဘုရားအား ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပြီး ကန်တော့၍ ဆုတောင်းမေတ္တာ ပို့သကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၊ ခရိုင်နှင့်မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ် ဒုတိယတပ်ရင်းမှူးနှင့် တပ်ခွဲမှူးများက မြတဘာက်ဘုရားဘက်စုံ ပြုပြင်ရေးနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၀၄၅)**



## မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ရေသန့်ဆေးပြားများပေးဝေ၊ သန့်လေးသန့်ကျန်းမာရေး အသိပညာပေး

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနသည် မေ ၃ ရက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၅)အခြေခံပညာအထက် တန်းကျောင်း၊ ဗထူးအားကစားကွင်း၊ အောင်မြေသာစံမြို့နယ်၊ စန္ဒာမုနိဘုရားဝင်း မြောက်ဘက်တွင် ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးစခန်းများတွင် ရေသန့်ဆေးပြားများ ပေးဝေခြင်း၊ လက်သန့်ဆေးရည်များ ပေးဝေခြင်း၊ သန့်လေးသန့်အပါအဝင် ကျန်းမာရေးအသိပညာပေးခြင်း၊ ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေး စစ်ဆေး ဆေးကုသပေးခြင်း၊ သောက်ရေများအား ရေသန့်ဆေးပြားခတ်ခြင်း၊ သန့်စင်ခန်းများနှင့် အမှိုက်ပုံးများအားဆေးဖျန်းခြင်း၊ Rodent Control စသည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည် မေ ၃ ရက်က ကျောက်ဆည်မြို့နယ်ရှိ ငလျင်ဘေးသင့်ပြည်သူများအား ဦးစားပေးဦးတည်အုပ်စုများအလိုက် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ဟန့်တားကာကွယ်ဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

(၀၄၅)

## ရေလှောင်တမံများ၊ ပုဂံခေတ်ရေကန်များအား ရေဝင်ရောက်မှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု



**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရေလှောင်တမံနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပြန်လည်ဖော်ထုတ်ဆည်ယူ ပြုပြင်ထားသည့် ရှေးဟောင်းရေကန်များအတွင်း မိုးရွာသွန်းမှု ကောင်းခြင်းနှင့်အတူ ရေဝင်ရောက်မှု အခြေအနေများအား မေ ၄ ရက် နံနက် ၉နာရီခွဲက စတင်၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ညောင်ဦးမြို့နယ် တုရင်တောင်တန်းအခြေရှိ မြကန်ရေလှောင်တမံနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ပုဂံခေတ်ရေကန်များ ရေဝင်ရောက်မှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးရာ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညီမွန်း၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း) ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်၊ ခရိုင်မြေစာရင်းဦးစီးဌာန၊ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းမြစ်)တို့ လိုက်ပါလျက် ညောင်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှုများ ကောင်းခြင်းနှင့်အတူ မြကန်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေနှင့် မြကန်ရေပိုလွှဲမှရေကျော်ပါက ရေလမ်းကြောင်း အမှတ်(၂)အတွင်းသို့ စီးဆင်းမည့် ရေလမ်းကြောင်းတစ်လျှောက်ရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ တာဝန်ရှိသူများ ပြန်လည်တူးဖော်ခဲ့သည့် သဲစစ်ကန်နှင့် လေးထောင့်ကန်အပါအဝင် ပုဂံခေတ်ရေကန်များအတွင်း ရေဝင်ရောက်မှု အခြေအနေများ ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(၄၈၁)

## ပဲလွန်း ရာခိုင်နှုန်းပြည့် ရိတ်သိမ်းပြီးစီး

**မကွေး မေ ၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီ မိုးရာသီနှင့် ဆောင်းရာသီ၌ ပဲမာတစ်မျိုးဖြစ်သည့် ပဲလွန်းပဲကို တောင်သူများသည် ယာမြေနှင့် ကိုင်းမြေများတွင် စိုက်ပျိုးကြရာ ရာခိုင်နှုန်းပြည့် ရိတ်သိမ်းပြီးစီးကြောင်း သိရသည်။ **(အောက်ပုံ)**

ပြည်တွင်း၌ ပဲလွန်းပဲကို လုပ်ငန်းသုံးအဖြစ် အသုံးပြုကြသည့်အပြင် မုန့်လုပ်ငန်းများကလည်း ကုန်ကြမ်းအသုံးပြုကြသည့် ဈေးကွက်၌ အရောင်းအဝယ် ကောင်းမွန်သည်။

ရေနံချောင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံနှင့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွန်းပဲဧက ၂၈၂၀ စိုက်ပျိုးခဲ့ပြီး ပဲလွန်းပဲဧက ၂၈၂၀ ရိတ်သိမ်းပြီးစီးကာ ရာခိုင်နှုန်းပြည့် ရိတ်သိမ်းပြီးဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။ (၄၇၂)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဤသစ်ရွက်

* သစ်ပင်တစ်ပင် ရှင်သန်စေရန်
မျိုးစေ့မှန်ကာ စိုက်ပျိုးပါမှ
ဩဇာမြေဆွေး ရေကိုပေးကာ
မြေဇာမြက်ပင် ပေါင်းသင်ရှင်းမှ ရှင်သန်မည် ။


* စိမ်းစိုသစ်ရွက် ပင်ယံထက်မှ
နေခခံကာ နားခိုလာသူ
မယူလည်းပေး ယူလည်းပေးဝေ
အမောပြေရေး အရိပ်ပေးကာ အေးစေသည် ။

* ဂိမ်မှာန်နွေထူး တောင်လေမြူးတော့
လေရူးစေရာ သစ်ရွက်ဝါတွေ
လူးကာလွန့်ကာ ဝေ့ဝဲကာနှင့်
တလွင့်လွင့်ကြွေကာ မြေခရာပြီ ။

* ရွက်ကြွေဘဝ မြင်တွေ့ရသော်
တွေးဆ ဆင်ခြင် အသိဝင်မိ
မြင်ရ တွေ့ရ ဖြစ်ပျက်ခဏ
"သင်္ခါရ"ဟု "သံဝေဂ"ရမိသည်။

* သြော်
သက်မဲ့ဖြစ်လျက် ဤသစ်ရွက်သည်
ခက်လက်ဝေဆာ အရိပ်ဖြာကာ
မေတ္တာဖြန့်ဖြူး ကြည်နူးအေးမြ
ဤလောကကို အလှဆင်ခဲ့ပါတကား ။ ။

**မိုးထက်ကို (အမရပူရ)**





ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သော မန္တလေးမြို့၊ ကြီးလေးကြီးသမိုင်းဝင်ဆုတောင်းပြည့် ချမ်းသာကြီးမြတ်စွာဘုရား သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် မိခင် ဒေါ်အေးစိန်အား အမှူးထား၍ (သမီး)နန်းအေးမွမ်း၊ ဦးအိုက်ကပ်(သား) ဦးအောင်မြင့်၊ ဒေါ်ဆိုင်းဆာ၊ (မြေး)မောင်ထက်အောင် မိသားစုတို့က ငွေကျပ် ၁၃၀၀၀၀၀ (ကျပ်တစ်ဆယ့်သုံးသိန်း)ကို ဂေါပကအဖွဲ့ထံ မေ ၃ ရက် နံနက်ပိုင်းက ပေးအပ်လှူဒါန်းစဉ်။ (မန္တလေးနေ့စဉ်-၉)

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းအလှူတော်ငွေ လှူဒါန်း

**မန္တလေး မေ ၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မင်းကွန်းတောင်ရိုး၊ အရိယမဂ္ဂင်ချောင် ဆရာကြီးဒေါ်ဝိသိဂီ၊ ဆရာလေး မမမှ စာရီတို့က ဆွမ်းအလှူတော်ငွေကျပ် ငါးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၂၆၂၆၃၂၄ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (အောက်ပုံ)

(ကဆ)





## ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ပရဟိတအသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ပရဟိတအသင်းများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို မေ ၂ ရက် ၁၀ နာရီတွင် စိတ္တရမဟီ ရပ်ကွက် ဆုတောင်းရဘုရားအတွင်း၌ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပရဟိတအသင်းများအား လူမှုကူညီရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်ခဲ့သောကြောင့် အထူးကျေးဇူးတင်ကြောင်းပြောကြားခဲ့ပြီး ပရဟိတအသင်းများအတွက် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးဝင်မည့် လက်အိတ်၊ ဦးထုပ်၊ လေသန့် Mask ၊ Mask ၊ First Aid ဆေးအိတ်၊ PPE ဝတ်စုံ၊ Shoe ဖိနပ်များဖြစ်သော ထောက်ပံ့ပစ္စည်း ခုနစ်မျိုးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပေးအပ်ခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများမှ လက်ခံရယူခဲ့သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များ၊ ပရဟိတအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ချမ်းမြေ့မောင်

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု အသက်(၇၀)နှစ်အထက် မီးသတ်ဝန်ထမ်းဟောင်းများအား ကန်တော့

**မန္တလေး မေ ၄**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၇၀)နှစ်အထက် မီးသတ်ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်လျက်ရှိသော အသက်(၇၀)နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သက်ကြီးပူဇော်ပွဲကို မေ ၃ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့်၈၁လမ်းထောင့်ရှိ မန္တလေးခရိုင် မီးသတ်ဦးစီးဌာနခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးခုနစ်မြို့နယ်မှ အရန်မီးသတ်တပ်ခွဲမှူးများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သစ်သစ်လှိုင်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် အသက်(၇၀)နှစ်အထက် မီးသတ်ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်လျက်ရှိသော အသက်(၇၀)နှစ်အထက် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လက်အုပ်ချီမိုးကန်တော့ပြီး (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကျင်းပရေးကော်မတီမှ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ရာ ကန်တော့ခံများကိုယ်စား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး(ငြိမ်း) ဦးဘသာက ဆုပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(၀၄၅)




## နိုင်ငံတကာဂျက်စ်ဂီတနေ့ ရန်ပုံငွေအလှူ ဂီတဖျော်ဖြေပွဲ ကျင်းပ မန္တလေးငလျင်ဘေး ပြန်လည်ထူထောင်ရေးလှူဒါန်း

**မန္တလေး မေ ၄**

နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော နိုင်ငံတကာ ဂျက်စ်ဂီတနေ့ကို Myanmar Jazz Club နှင့် ပြင်သစ်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်း၍ မေ ၁ ရက်က ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ကျင်းပခဲ့သည်။ နိုင်ငံတကာ ဂျက်စ်ဂီတနေ့ကို မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ပြန်လည်တည်ဆောက်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေဂီတပွဲအဖြစ် မြန်မာနိုင်ငံရှိ ဂျက်စ်ဂီတပညာရှင်များ၊ တက်သစ်စ ဂျက်စ်မျိုးဆက်သစ်များက Myanmar Jazz Club-MJC နှင့်အတူ ပြင်သစ်ယဉ်ကျေးမှုဌာနတို့ ပူးပေါင်းကျင်းပခဲ့သည်။

ဂီတဖျော်ဖြေပွဲအပြီးတွင် လက်မှတ်ရောင်းချရသည့်ငွေများ၊ ထပ်ဆောင်းရရှိသည့် အလှူငွေများအားလုံးကို ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ငလျင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ တာဝန်ခံ မွန်ဆီယာရန်နေးကွန်ဆိုလိုက ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

မောင်ပြည်သူ(မန္တလေး)

၀-၀-၀-၀-၀-၀

## ရေနံချောင်းမြို့နယ်၌ ပုံမှန်ကာကွယ်ဆေး ထိုးနှံပေး

**ရေနံချောင်း မေ ၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းကစတင်၍ ရွာသစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ထိုးနှံပေးလျက်ရှိသည်။

ထို့သို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ မေးခိုင်၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၇၂)





# စွန့်စွန့် စားစား မီးသတ်တပ်ဖွဲ့များ

မန်းမြေမှ ပန်းသပြေ

နှစ်စဉ် မေလ ၅ရက်သည် မြန်မာနိုင်ငံ "မီးသတ်တပ်ဖွဲ့နေ့" ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပေါ်လာသမျှ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးဆိုးကပ်အမျိုးမျိုးကို မိမိကိုယ်ကျိုးစွန့်လွှတ်၍ ကူညီဆောင်ရွက်နေကြသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသောနေ့ကို "မီးသတ်တပ်ဖွဲ့နေ့"။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူလူထုတို့၏ အိုးအိမ်စည်းစိမ်ကို သက်မဲ့အန္တရာယ် "မီး" ဆိုသောရန်သူ၏ နှောင့်ယှက်ဖျက်ဆီးမှုမှ ကင်းဝေးစေရန် သက်စွန့်ဆံဖျား တွန်းလှန်တိုက်ခိုက်ကာကွယ်စောင့်ရှောက်ကြသည့် မီးသတ်သူရဲကောင်းများ၏ မွန်မြတ်စိတ်ထားလုပ်ဆောင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်မေလ ၅ရက်ကို "မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့" အဖြစ် သမိုင်းဝင်မှတ်တမ်းတင် ကျင်းပခဲ့ကြသည်။

မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့နိုင်ငံအသီးသီးနှင့်လည်း ပတ်သက်သည်။ "မီး" အန္တရာယ်သည် ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံပေါင်းမြောက်မြားစွာ၊ နေထိုင်သူမျိုးနွယ်စုပေါင်းမြောက်မြားစွာ၊ နိုင်ငံပိုင်အဆောက်အအုံမြောက်မြားစွာ၊ တောတောင်၊ သက်ရှိသက်မဲ့ မြောက်မြားစွာ စသည်တို့ကို ပျက်စီးဆုံးရှုံးအောင် စွမ်းဆောင်နိုင်သော အဓိကရန်သူဖြစ်သည်။

လောကဓမ္မတာအရ သဘာဝဓမ္မဆိုသော အရာသည်ရှိ၏။ ထိုသဘာဝဓမ္မတွင် အဖြစ်သဘောနှင့် အပျက်သဘောနှစ်ခုကို စွမ်းဆောင်နိုင်သည့် "ရေ၊ မြေ၊ လေ၊ မီး" ဆိုသော ဓာတ်ကြီးလေးပါးသည်ရှိ၏။ ထိုဓာတ်ကြီးလေးပါးသည် သတ္တလောကကြီးကို ကောင်းကျိုးဆောင်၍ ကောင်းအောင်လည်းပြု၏။ သတ္တဝါများ၏ မကောင်းသောလုပ်ရပ်များကြောင့် မကောင်းသည့် အကျိုးသက်ရောက်လာသောအခါ ပျက်စီးအောင်လည်း ဖျက်ဆီးတတ်ကြပေသည်။ ထိုအထဲတွင် သတ္တဝါတို့အတွက် အနီးကပ်ရန်သူသည် မီးပင်ဖြစ်သည်။ အဆိုးဆုံးသော ရန်သူမီးသည် လူသားတို့အတွက် မြင်သာထင်ရှားသဖြင့် သင့်တင့်လျောက်ပတ်စွာ ခုခံကာကွယ်နိုင်စွမ်းရှိ၏။ ထို့ကြောင့်လည်း ပြည်သူပြည်သားလူသားများ၏ အသက်အိုးအိမ်စည်းစိမ်ကို မိမိကိုယ်ကျိုးစွန့်၍ သက်စွန့်ဆံဖျား ကာကွယ်ပေးနေကြသည့် မီးသတ်ရဲဘော်သူရဲကောင်းများ ပေါက်ဖွားလာရခြင်းဖြစ်သည်။

ဩကာသလောကဆိုသော ကမ္ဘာလောကကြီး လုံးဝပျက်သုဉ်းတော့မည်ဆိုလျှင် ကမ္ဘာလောကကြီးကို ပထမဦးစွာ "မီး" ခုနစ်ကြိမ် ဖျက်သည်။ မီးခုနစ်ကြိမ်ဖျက်ပြီးမှ "ရေ" တစ်ကြိမ်ဖျက်သည်။ ရေတစ်ကြိမ်ဖျက်ပြီးမှ "လေ" တစ်ကြိမ် ဖျက်သည်ဟု ဆရာကြီးကျိုက်လတ်ဦးပြုံးချို၏ "ဇာတိအာဏာ" ဂန္တဝင်တေးသီချင်းမှ ဆိုထားပေသည်။ ဆိုလိုသည်မှာ "မီး" သည် အရာရာကို စတင် လောင်ကျွမ်းစေသည့် ကြီးစွာသောရန်သူပါ။ထို့ကြောင့်လည်း "မီးနှင့်ရင်ဆိုင် ယှဉ်ပြိုင်တိုက်ခိုက်" ဆိုသည့် စကားနှင့်အညီ အသက်မဲ့ရန်သူမီးကို မျက်နှာချင်းဆိုင်၍ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အသက်ကို ပဓာနမထားဘဲ ကြီးမားသော စွမ်းပကားများဖြင့် သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင် တိုက်ကြသည့် မီးသတ်ရဲဘော်သူရဲကောင်းများကို ချီးမြှောက်သော နေ့ထူးနေ့မြတ်မျိုးများ သတ်မှတ်ပေးခြင်းသည် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ရှေးယခင် မြန်မာသက္ကရာဇ် ၄၀၆ခုနှစ်၊ ခရစ်နှစ် ၁၀၄၄ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကြီးကို ထူထောင်သည့် ပုဂံပြည့်ရှင် အနော်ရထာမင်းသည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် ကာကွယ်ရေး ကဏ္ဍပါရှိခဲ့သည်။ "သောသောညံ ပုဂံရွှေမောင်" ဆိုသောလင်္ကာအရ မီးရေးထင်းရေး ဆော်ဩသော "မောင်း" နှင့် မီးသတ်တပ်သား ၆၆၃ဦးကို ခန့်ထား၍ မီးဘေးအန္တရာယ် ကာကွယ်စေခဲ့သည်။ ထို့နောက် မြန်မာသက္ကရာဇ် ၉၉၀ခုနှစ်၊ အေဒီ ၁၆၂၉ခုနှစ်တွင် သာလွန်မင်းလက်ထက်၌လည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၁၁၉ခုနှစ် အလောင်းမင်းတရား (၁၁၁၄-၁၁၂၂) လက်ထက်တွင်လည်းကောင်း၊ အမရပူရ ပထမနန်းတည်ဘိုးတော်ဦးဝိုင်း(ခေါ်) ပဒုံမင်း (၁၁၄၃-၁၁၈၀)လက်ထက်တွင်လည်း မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးဘေးသတိမူရေးနှင့် ပတ်သက်၍ "မီးမှုမီးရာ၊ လိုရာခါးမြောင်၊ ပြည့်စုံအောင်လျှင်၊ ထွတ်ခေါင်အိမ်မိုး၊ ပြည့်ဖြိုးရေစင်၊ ထားတင် မဖိတ်၊ ငင်ချိတ်ဝါးကပ်၊ စွဲကပ်ရိုးရှည်၊ ပွတ်ကျည်သန့်စင်၊ စုံလင်စေကြောင်း" ဟု မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေကန်၊ ရေပုံးများထားရှိကာ မီးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ ထို့နောက် ကုန်းဘောင်မင်းဆက် စတုတ္ထအဝမြို့တည် မှန်နန်းရှင်ဘကြီးတော်မင်း(၁၁၈၁-၁၁၉၉) လက်ထက်နှင့် ရတနာပုံမန္တလေးမြို့တည် မင်းတုန်းမင်း(၁၂၁၄-၁၂၄၀)လက်ထက်တို့တွင် ပြည်သူအများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်တော်မူလိုကြသဖြင့် အေးချမ်းသာယာစွာ နေထိုင်နိုင်ရေး မီးဘေးကြိုတင်ကာကွယ်ရေးကို အထူးစီမံဆောင်ရွက်တော်မူကြပါသည်။ ထိုသို့ ရှေးမြန်မာမင်းများအဆက်ဆက် ပြည်သူတို့အတွက် မီးဘေးအန္တရာယ်ကို အမိန့်တော်များချမှတ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။

မြန်မာနိုင်ငံတော်တွင် ယခုကဲ့သို့ မီးသတ်တပ်ဖွဲ့ဟူ၍ ဖြစ်ပေါ်လာရခြင်းမှာ ၁၈၅၂ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးသောအခါ မြန်မာတို့ပိုင်ဆိုင်သော မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်းနှင့် မြေလတ်ပိုင်းတို့သည် နယ်ချဲ့တို့လက်အောက် ကျရောက်သွားသည်။ ထိုနယ်ချဲ့အင်္ဂလိပ်တို့သည် သူတို့ပိုင်ဆိုင်ရာ မြို့ရွာများရှိ စက်ရုံ၊ အလုပ်ရုံများ၊ သိုလှောင်ရုံအဆောက်အအုံများ၊ လူနေအိမ်ခြေများကို မီးဘေးကာကွယ်နိုင်ရန် ၁၈၈၃ခုနှစ်တွင် အင်္ဂလိပ်လူမျိုးများ ပါဝင်ဖွဲ့စည်းထားသော မီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ မူလအစတွင် မြင်းများဖြင့် ဆွဲ၍ သွားရသော ရေနွေးငွေ့သုံး မီးသတ်စက်များကို အသုံးပြု၍ မီးငြိမ်းသတ်ခဲ့ကြသည်။ အင်္ဂလိပ်နယ်ချဲ့တို့ မြန်မာနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်ပြီးနောက်ပိုင်း နယ်မြေကျယ်ပြန့်လာပြီဖြစ်သဖြင့် နယ်ချဲ့အစိုးရက ဖွဲ့စည်းပေးထားသော မီးသတ်တပ်ဖွဲ့နှင့် မလုံလောက်တော့ပေ။ ထို့ကြောင့် မိမိမြို့ရွာ မိမိသာကူညီရမည်ဟု ခံယူလျက် ၁၉၄၂ခုနှစ်တွင် မြန်မာလူငယ်များသည် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းကာ ကျေးလက်မြို့ရွာများကို လှုပ်ရှားကူညီလာခဲ့ကြသည်။ မြန်မာနိုင်ငံ၏နှစ်သက်စရာကောင်းသော ဓလေ့စရိုက်သည် အခြားနိုင်ငံများနှင့်မတူ အခကြေးငွေမယူ စေတနာဖြင့် ကူညီသော ဓလေ့ပင်ဖြစ် သည်။ ထို့ကြောင့် အစိုးရက ခန့်အပ်ထားသော သန္နေမီးသတ်တပ်ဖွဲ့ဝင်များသာမက မိမိစေတနာအလျောက် စေတနာ့ဝန်ထမ်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များလည်း ပါဝင်လာကြသည်။ ထိုရဲဘော်များသည် မီးလောင်မှုနှင့် ပတ်သက်လာလျှင် အထက်အမိန့်ကို ဦးထိပ်ထားကာ ကျရာတာဝန်များကို ကျေပွန်အောင် ရှပ်ရှပ်ခြုံခြုံထမ်းဆောင်ကြသည်။ ထို့ကြောင့်လည်း ၁၉၄၆ခုနှစ်၊ မေ ၅ရက်၊ တနင်္ဂနွေနေ့၌ ရန်ကုန်မြို့ကန်တော်ကလေးရှိ ဖိုတ်အစ္စလာမ်မိန်းကလေးကျောင်းတွင် ကျင်းပသော မြန်မာနိုင်ငံရှိ ခရိုင်ပေါင်း ၁၉ ခရိုင်မှ ကိုယ်စားလှယ်ကြီးများ စုံညီစွာတက်ရောက်သည့် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးညီလာခံကြီးမှ မေလ ၅ရက်ကို "မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်အတည်ပြုခဲ့သည်။ ထို့နောက် နှစ်စဉ်ထာဝရ မေ ၅ရက်တွင် "မီးသတ်တပ်ဖွဲ့နေ့" ဟူ၍ ယနေ့ထက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

၂၀၂၅ခု ယခုနှစ် မေ ၅ရက် မီးသတ်တပ်ဖွဲ့နေ့သည်(၇၉)ကြိမ်မြောက် "မီးသတ်တပ်ဖွဲ့နေ့" ဖြစ်သည်။

မြန်မာနိုင်ငံ၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စေတနာ၊ မေတ္တာ၊ ကရုဏာများစွာထား၍ အချိန်ပေးကာ စေတနာ့ဝန်ထမ်း ဆောင်ရွက်ကြသည်။ မီးအန္တရာယ်ကြောင့်လည်း မီးသတ်ရဲဘော်များ၏ အသက်ပေါင်းများစွာကိုလည်း ပေးဆပ်ခဲ့ကြရသည်။ ထို့ကြောင့် ရန်သူမီးဘက်မှ တစ်ဖက်အသာစီးဖြင့် တိုက်ခိုက်လာသော ရန်သူမီးကို တွန်းလှန်ကာကွယ်စောင့်ရှောက်သော ရဲရဲတောက်သူရဲကောင်းများပင် ဖြစ်သည်။ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သို့သောပုံစံမျိုးဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်လာမည်ကို မသိရှိ၍ သတိမပြတ်ထားကာ ငံ့လင့်စောင့်စားတိုက်ခိုက်ရသော ရန်သူမီးကို အနိုင်တိုက်နိုင်ရန်အတွက် မမောနိုင်၊ မပန်းနိုင် အမြဲမပြတ်လေ့ကျင့်နေရသည်မှာလည်း မီးသတ်ရဲဘော်များ၏ အမျိုးသားရေးစိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် မော်ကွန်းတင်ဂုဏ်ပြုခြင်းငှာ ထိုက်တန်သည့် သူရဲကောင်းများဟု ဆိုပါရစေ။

ထို့ပြင် ယခုအခါ မီးသတ်တပ်ဖွဲ့သည် တိုးတက်လာသောခေတ်နှင့်အညီ ခေတ်မီသောမီးသတ်တပ်ဖွဲ့ဖြစ်ပေါ်လာစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းရေး၊ မီးသတ်သင်တန်းကျောင်းများ ဖွင့်လှစ်၍ ခေတ်မီသော မီးသတ်ပညာရပ်များ ကျွမ်းကျင်စွာ တတ်မြောက်ပြီး အရည်အသွေးပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကို ဦးစားပေးဆောင်ရွက်နေရသည့်အပြင် ယခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်လိုက်သော ၇ ဒသမ ၇ အဆင့်ရှိ ငလျင်ကြောင့် ကူညီကယ်ဆယ်ရေးများ ယနေ့အချိန်အထိ ဆောင်ရွက်ကြရပါသေးသည်။ ဆောင်ရွက်နေကြဆဲလည်း ဖြစ်ပါသည်။ ယခင်ကလို မီးလောင်မှု တစ်ခုအတွက်သာမဟုတ် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကိုလည်း ပါဝင်ကူညီဆောင်ရွက်ကြရပါသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် နိုင်ငံပိုင်အဆောက်အအုံများကို မီးဘေးအန္တရာယ်မှ ကာကွယ်ရန်၊ သဘာဝဘေးဆိုးအမျိုးမျိုးကို ပြည်သူတို့နှင့်အတူ ပူးပေါင်းကာကွယ်ရန်၊ နိုင်ငံတော်အတွက် အရန်အင်အားဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် မွန်မြတ်မြင့်မားစွာ ခံယူလုပ်ဆောင်ကြရသည်။ ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်စွမ်းရည်၊ အုပ်ချုပ်မှုစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသော စွမ်းရည်သုံးရပ်ကိုလည်း ဖြည့်ဆည်းကြရသည်။ မီးသတ်စက်နှင့်ယာဉ်ကိုလည်း အမြဲကြံ့ခိုင်မှု ရှိစေရသည်။ အလွယ်တကူ မီးငြိမ်းသတ်နိုင်ရန် ရေရရှိနိုင်ရေးကိုလည်း သတိထားဆောင်ရွက်ကြရသည်။ အင်အားတောင့်တင်းသော မီးသတ်တပ်ဖွဲ့ဖြစ်အောင် တိုးချဲ့ဖွဲ့စည်းထားရှိရသည်။ မီးဘေးကာကွယ်ရေး စီမံချက်တို့ ရေးဆွဲအကောင်အထည်ဖော်ရသည်။ စက်ရုံ၊အလုပ်ရုံများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန် လိုအပ်သည်များကို စစ်ဆေးအကြံပေးရသည်။ မီးသတ်တပ်ဖွဲ့၏ ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ်ကို အလေးအမြတ်ထားကာ ဆောင်ရွက်ကြရသည်။ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးလုပ်ငန်းများဆောင်ရွက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အရန်အင်အားအဖြစ် ရပ်တည်ရေးစသည်ဖြင့် အဓိကတာဝန်ကြီး ငါးရပ်ကိုလည်း ဆောင်ရွက်ကြရသည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် အထက်အဖွဲ့အစည်းအဆင့်ဆင့်၏ အမိန့်ကိုနာခံလျက် မီးသတ်တာဝန်နှင့် ဝတ္တရားများကို ဆောင်ရွက်ကြသည့်အပြင် စည်းကမ်းသေဝပ်ခြင်း၊ ရဲရင့်ခြင်း၊ သနားကရုဏာရှိခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်း၊ စိတ်ထားတည်ကြည်ခြင်း၊ ဝတ္တရားကျေပွန်ခြင်း၊ သစ္စာရှိခြင်း၊ ညီညွတ်ခြင်း၊ ကျန်းမာခြင်းဆိုသော မီးသတ်ကျင့်ဝတ် (၁၀)ပါးနှင့်လည်း ပြည့်စုံအောင်စောင့်ထိန်းကြရသည်။

အချုပ်အားဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးအတွက် အရန်အင်အားတစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်နေသော မီးသတ်သူရဲကောင်းများသည် "မီးဘေးအန္တရာယ်မှ ကင်းဝေးစေရမည်" ဆိုသော ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး "မိုးမှာလေ့ကျင့်၊ ဆောင်းမှာစစ်ဆေးသတိပေး၊ နွေမှာအသင့်ရှိရေး" နှင့်အညီ သဘာဝဘေးနှင့် မီးဘေးအန္တရာယ်မှ ကင်းလွတ်ကြစေရန် ကြိုးစားဆောင်ရွက်နေကြသည့် ထူးချွန်ထက်မြက်သောသူရဲကောင်းများမို့ အစဉ်ထာဝရ တလေးတစားဖြင့် အလေးထားပါကြောင်း (၇၉)ကြိမ်မြောက် "မီးသတ်တပ်ဖွဲ့နေ့" ကို ဂုဏ်ပြုလိုက်ရပါသည်။

## ဝန်ကြီးချုပ်ဝေါင်း ကိုယ်စားပြုသော ပြည်သူ့လုပ်ရှားမှုပါတီ၊ အထွေထွေရွေးကောက်ပွဲတွင် အလုပ်သမားပါတီကိုအနိုင်ရ




**စင်ကာပူ မေ ၄**

စင်ကာပူနိုင်ငံကို ကြာမြင့်စွာအုပ်ချုပ်လာသည့် ပြည်သူ့လှုပ်ရှားမှုပါတီ(PAP)အနေဖြင့် မြို့ပြများတွင် ယမန်နေ့က ပြီးဆုံးခဲ့သော အထွေထွေရွေးကောက်ပွဲ၌ ပြိုင်ဘက်အလုပ်သမားပါတီကိုအနိုင်ရကာ အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး ၆၆ နှစ်ကြာမပြတ်အုပ်ချုပ်မှုကို တည်တံ့စေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

PAP သည် ဧပြီ ၃ ရက်တွင် အပြီးသတ် မဲရေတွက်ပြီးနောက် ပါလီမန်အမတ်နေရာ ၉၇ နေရာမှ ၈၇ နေရာကို PAP ပါတီအနိုင်ရရှိခဲ့ပြီး အလုပ်သမားပါတီက ၁၀ နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်ကြောင်း စင်ကာပူရွေးကောက်ပွဲဌာနက ကြေညာသည်။

PAP အနေဖြင့် အနိုင်ရရှိမည်မှာ မျှော်လင့်ထားသည့်အတိုင်း ဖြစ်သော်လည်း အစိုးရပါတီအနေဖြင့် မည်မျှထိ ထောက်ခံမှုကို ဆက်လက်ရရှိမည်ဆိုသည့် အပေါ်တွင် အဓိကစမ်းသပ်မှုရှိခဲ့သည်ဟု ဆိုသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် အစိုးရပါတီရရှိခဲ့သည့် မဲအရေအတွက်မှာ ၆၀ ရာခိုင်နှုန်းကျော်သာရှိခဲ့ပြီး မလေးရှားမှ ခွဲထွက်ပြီး ၁၉၆၅ ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း အားအနည်းဆုံးရလဒ်များထဲမှ တစ်ခုဖြစ်ခဲ့သည်။

ယမန်နှစ်က တာဝန်ယူခဲ့သည့် ဝေါင်းသည် ဆက်လက်အုပ်ချုပ်မည်ဟူသော ကတိကဝတ်များဖြင့် ရွေးကောက်ပွဲကို ဆင်နွှဲခဲ့ပြီး ကမ္ဘာ့ဈေးကြီးသည့်နေရာများထဲမှ တစ်ခုဖြစ်သည့် စင်ကာပူတွင် နေထိုင်စရိတ်များ တက်လာမှုနှင့် အိမ်ရာပြဿနာများအပေါ် ပြည်သူများ၏ စိုးရိမ်မှုများ မြင့်တက်လာချိန်တွင် ထောက်ခံမှုကို မြှင့်တင်ရန်မျှော်လင့်ခဲ့သည်။

စင်ကာပူ၏ ယုံကြည်စိတ်ချရဆုံး အတိုက်အခံအင်အားစုဖြစ်သည့် WP သည် အမတ်နေရာ ၂၆ နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သည့် ၁၀ နေရာကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဟု မျှော်မှန်းခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## နျူကလီးယားလောင်စာစက်ဝန်းအပြည့်အဝကို ပိုင်ဆိုင်ခွင့်ရှိ အီရန်ပြည်ပရေးရာဝန်ကြီး အက်ဘတ်စ်အရတ်ချီ ပြောကြား

**တီဟီရန် မေ ၄**

အီရန်နိုင်ငံသည် ၎င်း၏ယူရေနီယမ် ချဲ့ထွင်အသုံးပြုခွင့်ကို ကာကွယ်ခဲ့ပြီး အိုမန်နိုင်ငံတွင် ကျင်းပမည့် အမေရိကန်နှင့် နျူကလီးယားညှိနှိုင်းမှုအလုပ်အစည်းအဝေးရက်တရက်ရွှေ့ဆိုင်းခြင်းခံရသည့်အချိန်တွင် ၎င်း၏ ရှည်လျားသောရပ်တည်ချက်ကို ပိုမိုခိုင်မာစွာ ထုတ်ဖော်ပြောဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

"အီရန်နိုင်ငံသည် နျူကလီးယားလောင်စာစက်ဝန်းအပြည့်အဝကို ပိုင်ဆိုင်ခွင့်ရှိသည်" ဟု ပြည်ပရေးရာဝန်ကြီး အက်ဘတ်စ်အရတ်ချီက မေ၃ရက်တွင် လူမှုကွန်ရက်မှတစ်ဆင့်ကြေညာခဲ့ပြီး အီရန်သည် နျူကလီးယားလက်နက်မပြန့်ပွားရေး စာချုပ်ဝင်နိုင်ငံဖြစ်သည်ဟူ၍လည်း ထပ်လောင်းအသိပေးခဲ့သည်။

"နျူကလီးယားလက်နက်များကို လုံးဝငြင်းပယ်သော ယင်းစာချုပ်ဝင်နိုင်ငံများစွာသည် ယူရေနီယမ်ချဲ့ထွင် အသုံးပြုမှုပြုလုပ်နေကြသည်" ဟုဆိုကာ အီရန်၏ နျူကလီးယားလုပ်ငန်းဆောင်တာများသည် ၎င်းတို့နည်းတူအရပ်ဘက်သုံး သက်သက်ဖြစ်ကြောင်း၎င်းက အတည်ပြုပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီရိုက ဖောက်စ်သတင်းဌာနနှင့် တွေ့ဆုံခန်း၌ "ကမ္ဘာပေါ်တွင် ယူရေနီယမ်ချဲ့ထွင်အသုံးပြုသောနိုင်ငံများသည် နျူကလီးယား လက်နက်ပိုင်ဆိုင်သောနိုင်ငံများသာဖြစ်သည်" ဟုဆိုကာ အီရန်အား ယူရေနီယမ်ချဲ့ထွင်အသုံးပြုမှု ရပ်တန့်ရန်တိုက်တွန်းခဲ့သည်။

စင်စစ်တွင် ဂျာမနီ၊ ဂျပန်နှင့် ဘရာဇီးကဲ့သို့သောနိုင်ငံများသည်လည်း နျူကလီးယားလက်နက်မပိုင်ဆိုင်ဘဲ ယူရေနီယမ်ချဲ့ထွင်အသုံးပြုမှု ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

## ရှေးရိုးစွဲပါတီ သမ္မတလောင်းအမည်တင်သွင်းယှဉ်ပြိုင် အလုပ်သမားဝန်ကြီးဟောင်း ကင်မွန်းဆူအနိုင်ရရှိ

**ဆိုးလ် မေ ၄**

အလုပ်သမားဝန်ကြီးဟောင်း ကင်မွန်းဆူသည် တောင်ကိုရီးယား၏ အဓိကရှေးရိုးစွဲပါတီ၏ သမ္မတလောင်း အမည်စာရင်းတင်သွင်းခွင့်ယှဉ်ပြိုင်ရာ၌ ယမန်နေ့က အနိုင်ရရှိခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာန ကဖော်ပြသည်။

ဇွန် ၃ ရက်နေ့တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လစ်ဘရယ်ပါတီမှ ဦးဆောင်သူ လီဂျယ်မျိုးနှင့် ယှဉ်ပြိုင်ရန် အခက်အခဲနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ကင်မွန်းဆူအနေဖြင့် ရှေးရိုးစွဲမဲများ မကွဲပြားစေရန်နှင့် လီကို အနိုင်ရစေရန် ရှေးရိုးစွဲအင်အားစုများဖြစ်သော ယခင်ဝန်ကြီးချုပ် ဟန်ဒတ်ဆူအစရှိသူတို့နှင့် ပူးပေါင်းရန် ကြိုးစားရလိမ့်မည်ဟု ဆိုသည်။

ယမန်နေ့က ပြီးဆုံးခဲ့သော ပါတီတွင်းရွေးကောက်ပွဲတွင် ကင်သည် တစ်ဦးတည်းသော ပြိုင်ဘက် ဟန်ဒုံးဟွန်းကို အနိုင်ရခဲ့ပြီး ထောက်ခံမဲ ၅၆ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။

**Mon**





## အလုပ်သမားပါတီကိုယ်စားလှယ် အန်သိုနီအယ်လ်ဘာနီးစ် ဩစတြေးလျ ဝန်ကြီးချုပ်အဖြစ် ပြန်လည်အရွေးချယ်ခံရ

**ကင်ဘာရာ မေ ၄**

မေ၄ရက်တွင် အလုပ်သမားပါတီကိုယ်စားလှယ်အန်သိုနီ အယ်လ်ဘာနီးစ်သည် ဩစတြေးလျဝန်ကြီးချုပ်အဖြစ် ပြန်လည်အရွေးချယ်ခံရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တရားဝင်မဲရေတွက်မှုများသည် ရက်အနည်းငယ်ကြာမည်ဖြစ်သော်လည်း အယ်လ်ဘာနီးစ်၏ အလယ်အလတ်-လက်ဝဲအစိုးရသည် ထောက်ခံမဲအများဆုံးရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ရှေးရိုးစွဲ လစ်ဘရယ်အမျိုးသား မဟာမိတ်အဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင်ကြီးမားစွာ ရှုံးနိမ့်ခဲ့သည်။

ဩစတြေးလျ ပြည်သူများသည် မိမိတို့တန်ဖိုးများအတွက် မဲပေးခဲ့ကြသည်။ တရားမျှတမှု၊ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို လိုလားသော၊ ခက်ခဲမှုများကို ရင်ဆိုင်ရပြီး လိုအပ်နေသူများကို ကြင်နာစွာ ဆက်ဆံရန်အားကောင်းသော တန်ဖိုးများကို ရွေးချယ်ခဲ့ကြသည်"ဟု အယ်လ်ဘာနီးစ်က ပြောကြားကြောင်း သိရသည်။

**Mon**

0-0-0-0-0



အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင်နာရီများစွာ လျှပ်စစ်ဓာတ်အားပြတ်တောက်ပြီးနောက် ဓာတ်အားပြန်လည်ရရှိသဖြင့် အသွားအလာ ပုံမှန်ဖြစ်နေသည်ကို ယမန်နေ့ကတွေ့ရစဉ်။ **Mon**

## ထိုင်းနိုင်ငံတောင်ပိုင်းတွင် ယမန်နေ့ကသေနတ်ပစ်ခတ်မှုဖြစ်ပွား ကလေးတစ်ဦးအပါအဝင် လူသုံးဦး သေဆုံးခဲ့သည်ဟုဆို

**ဘန်ကောက် မေ ၄**

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ယမန်နေ့က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ သေနတ်ကိုင်ဆောင်သူတစ်ဦးက ကလေးတစ်ဦးအပါအဝင် လူသုံးဦးကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟု ထိုင်းရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ အနှစ်နှစ်ဆယ်ကျော်ကြာဖြစ်ပွားနေသော ခွဲထွက်ရေးအကြမ်းဖက်မှုများဖြင့် လွှမ်းမိုးထားသည့် တောင်ဖျားပိုင်းဒေသရှိ ပြည်နယ်သုံးခုအနက်မှ နာရာသီဘက်ပြည်နယ်၊ တက်ဘိုင်ခရိုင်ရှိလူနေရပ်ကွက်တစ်ခု၌ ညနေပိုင်းတွင် ယင်းသေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အသက် ၉ နှစ်အရွယ်မိန်းကလေးတစ်ဦးနှင့်အသက် ၇၅ နှစ်အရွယ်အမျိုးသားတစ်ဦးအပါအဝင် လူသုံးဦးသေဆုံးခဲ့ပြီးနောက် ထွက်ပြေးသွားသော သံသယရှိသူကို လိုက်လံရှာဖွေနေကြောင်း ရဲတပ်ဖွဲ့က အတည်ပြုသည်။

လူတစ်ဦးအခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ပြီး ကျန်နှစ်ဦးသည် ဆေးရုံတွင် ဒဏ်ရာဒဏ်ချက်များကြောင့် သေဆုံးခဲ့သည်။ ထို့ပြင် နောက်ထပ်နှစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲမှူး ဝါထနာသူရာရတ်က ဖြည့်စွက်ပြောကြားခဲ့သည်။

သံသယရှိသူသည် လက်ရှိ လွတ်နေဆဲဖြစ်ပြီး မသမာသောအုပ်စုနှင့် ဆက်စပ်နေသည်ဟု ရဲမှူးဝါထနာက ပြောကြားကြောင်းသိရသည်။ **Mon**



## လျှောင်ဒဏ်သင့် ပြိုကျ၊ ယိုင်နဲ့နေသည့် အဆောက်အအုံများ၊ ကျောင်းတိုက်များရှိ အုတ်ကျိုးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်



**မန္တလေး မေ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ မန္တလေးမြို့ မြို့နယ်များအလိုက် ငလျင်ဒဏ်သင့် အဆောက်အအုံများကြောင့် အများပြည်သူ သွားလာလျက်ရှိသည့် အဓိကလမ်းမကြီးများတွင် လမ်းပိတ်ဆို့မှုနှင့် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေးတို့အတွက် ရှင်းလင်းဖယ်ရှားခြင်းနှင့် အုတ်ကျိုးများ၊ အမှိုက်များနှင့် လမ်းမကြီးများသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် လမ်းလယ်ကျွန်းများရှိ အလှပန်းအိုးများ ပျက်စီးနေမှုများ ပြန်လည်အစားထိုးဆောင်ရွက်ခြင်းများကို စက်ယန္တရားလူအင်အားတို့ဖြင့် နေ့စဉ်အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့နံနက်ပိုင်းမှစ၍ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ၈၄ လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြား၊ ၂၆လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ လမ်း၃၀၊ ၇၅ လမ်းထောင့်၊ လမ်း၃၀၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၂၆လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၈၄လမ်း၊ ၂၆လမ်း၊ လမ်း၉၀နှင့် ၉၁လမ်းကြားတို့တွင် လည်းကောင်း၊ မဟာအောင်မြေမြို့နယ်အတွင်း အိမ်ရှင်များအစီအစဉ်ဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများဖြစ်သည့် ၆၈လမ်း၊ ၄၂ လမ်းနှင့် ၄၃လမ်းကြား၊ ၃၇ လမ်း၊ ၆၅(B)လမ်းထောင့်၊ ၃၇ လမ်း၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ ၄၁လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ ၄၂လမ်း၊ ၈၃ လမ်းနှင့် ၈၄လမ်းကြား၊ ၄၅ လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြား၊ ၃၆လမ်း၊ လမ်း၉၀နှင့် ၉၁လမ်းကြား၊ ၆၄(B)လမ်း၊ လမ်း၄၀နှင့် ၄၁လမ်းကြား နှင့် ပြည်ကြီးမျက်ရှင်ယာဉ်ရပ်နားစခန်းတို့ရှိ ငလျင်ဒဏ်သင့် အဆောက်အအုံများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ သိပ္ပံလမ်း ဝဲ၊ ယာ ၆၂ လမ်းနှင့် ၇၃လမ်းကြားအမှိုက်များရှင်းလင်းခြင်းနှင့် ၆၆လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြားရှိ အနောက်ဘက်ရေမြောင်းပိတ်ဆို့နေမှုအား မြောင်းဆယ်လုပ်သားများဖြင့် အမှိုက်များဆယ်ယူရှင်းလင်းခြင်းတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်အတွင်းရှိ ရွှေကြက်ယက်ကျေးရွာ၊ ရွှေကြက်ကျာဘုရား၊ ဆင်စွယ်ပွတ်ရပ် မဟာဂန္ဓာရုံကျောင်းတိုက်၊ မန္တလေး-စစ်ကိုင်းလမ်းရှိ ဘုရားသုံးဆူ၊ ဈေးချိုရပ်ကွက် တူးမောင်းကျောင်းတိုက်တို့ရှိ အန္တရာယ်ရှိကျောင်းအဆောက်အအုံများ၊ စေတီပျက်နှင့် ကျောင်းအဆောက်အအုံပျက် အုတ်ကျိုးများဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းကို စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် လည်းကောင်း၊ လေးစုရပ်ကွက် အ·ထ·က(၁)၊ ရတနာပုံတက္ကသိုလ်ကျောင်းလမ်း၊ မြေနီလမ်းဆုံမှ မန်းကျည်းပင်အထိ၊ တောင်သမန်ကန်ပတ်လမ်းနှင့် ထန်းတော်ရွာအဝင်လမ်းထောင့်နှင့် စစ်ကိုင်း-မန္တလေးအောင်မြင့်ကျော် ရေပြွန်တို့ရှိ အမှိုက်ပုံများ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုအဖွဲ့အစည်းတို့ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**တောင်တွင်းကြီး မေ ၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ ညနေပိုင်းတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက လေးကျွန်းအောင်မြေဘုရားရင်ပြင်တော်ပေါ် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်(၁၀)ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များက လေးကျွန်းအောင်မြေဘုရားရင်ပြင်တော်ပေါ်၌ ဘုရားရေသပ္ပာယ်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် ရင်ပြင်တော်ပေါ်ရှိ ကြွေပြားများအား ရေဖျန်းဆေးကြောပေးခြင်းနှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်ပန်းပင်များအား ရေလောင်းပေါင်းသင်ပေးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

## လျှောင်ဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေး

**မန္တလေး မေ ၄**

မန္တလေးငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခြင်းကို ဗထူးအားကစားကွင်းရှိ ပြန်လည်နေရာချထားရေးစခန်း၌ ယနေ့ နံနက်က ဆောင်ရွက်ပေးကြသည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများကို ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများ၊ မန္တလေးဆေးရုံကြီးမှ ဆရာဝန်ကြီးများက နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ ထိုသို့ ဆောင်ရွက်ပေးရာတွင် ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးပညာပေးလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ သောက်သုံးရေပိုးမွှားများကင်းစေရန် ရေသန့်ဆေးပြားခတ်ခြင်း၊ အိမ်သာဆေးဖျန်းခြင်း၊ လက်သန့်ဆေးရည်ဖြန့်ဝေခြင်း၊ ဆေးစိမ် ခြင်ထောင်ဖြန့်ဝေခြင်း၊ Rodent Control Activity လုပ်ငန်းဆောင်ရွက်ခြင်း၊ မေးခိုင်+ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံခြင်း၊ OCV ဆေးတိုက်ကျွေးခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းများ ကူညီပေးကြသည်။



အဆိုပါ မန္တလေးဗထူးအားကစားကွင်းရှိ ပြန်လည်နေရာချထားရေးစခန်း၌ အိမ်ထောင်စု ၇၉ စု၊ အိမ်ခြေ ၆၈လုံး၊ လူဦးရေစုစုပေါင်း ၃၀၇ ဦးရှိကြောင်း သိရသည်။

(ဝဲပုံ)

(၀၉၁)

## အောင်မြေသာစံမြို့နယ်တွင် မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား



**မန္တလေး မေ ၄**

ယနေ့ မွန်းလွဲ ၂ နာရီ ၂၄ မိနစ်က အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်(၂၀)၊ ၇၆လမ်း၊ ၄ လမ်းနှင့် ၅ လမ်းကြားနေ ဦးဘိုဘိုဝင်း ၃၅ နှစ် (ဘ)ဦးရဲမြင့် ပိုင်ဆိုင်သော ONE MOBILE Sale & Service ဖုန်းဆိုင်၏ ၁၅ပေ၊ ပေ ၄၀ ခန့်ရှိ နံကပ် ၂ ထပ်တိုက်ခန်းတွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ စစ်နယ်မြေမှ တာဝန်ရှိသူများ၊ အမှတ်(၄)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ် ၃ စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၂၈ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ရသည့်အကြောင်းရင်းအားစစ်ဆေးရာ နေအိမ်အပေါ်ထပ်ရှိ မွေ့ရာပေါ်တွင် လျှပ်စစ်စန္ဒရား အားသွင်းထားရာမှ အပူလွန်ကဲပြီး မွေ့ရာအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကာ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၀၀၀၀ ဖြစ်ကြောင်းနှင့် မီးပေါ့ဆစွာသုံးစွဲသူ ဦးဘိုဘိုဝင်းအား ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။

အလားတူ အောင်မြေသာစံမြို့နယ် သီရိမာလာအရှေ့ရပ်ကွက်၊ ၂၃လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားတွင် မွန်းလွဲ ၃ နာရီ ၂၂ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ပြီး နယ်မြေခံမီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၃၈ မိနစ်ခန့်တွင် မီးထိန်းနိုင်ခဲ့ပြီး နေအိမ် ငါး လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

၀-၀-၀-၀-၀

၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အမ်ပိုလီ | ၀ - ၁ | လာဇီယို |
| မွန်ဇာ | ၀ - ၄ | အတ္တလန္တာ |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| နန့်တက်စ် | ၀ - ၁ | အန်ဂါစ် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၄) အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၃ - ၂ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၂ - ၂ | လီဂါနက်စ် |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၂)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| အော့စ်ဘတ် | ၁ - ၃ | ဟော်ဖင်ဟိုင်း |

| အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၅)အနိုင်၊ အရှုံး (NGB) | | |
|---|---|---|
| ဘရန့်ဖို့ဒ် | ၄ - ၃ | မန်ယူ |
| ဘရိုက်တန် | ၁ - ၁ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၁ - ၁ | စပါး |

## စာမေးပွဲပြန်ဖြေမည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းနှစ်ကျောင်းတွင် စခန်းသွင်းသင်ကြား



**မုံရွာ မေ ၄**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို မုံရွာမြို့ရှိ စာသင်ကျောင်းနှစ်ကျောင်းတွင် စခန်းသွင်းသင်ကြားလျက်ရှိသည်။

မုံရွာမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)တို့တွင် ကျောင်းသား၊ ကျောင်းသူ ၃၅၄ ဦးကို စခန်းသွင်းသင်ကြားလျက်ရှိသည်။

"စခန်းသွင်းစာသင်နေချိန်ကာလအတွင်း စိတ်အေးချမ်းသာနေထိုင်စားသောက်တာတွေ လိုအပ်ချက်မရှိ ပြည့်စုံဖို့ တာဝန်ရှိသူတွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။သောက်သုံးရေ၊ လျှပ်စစ်မီးပျက်တောက်မှုမရှိစေဖို့၊ ကျန်းမာရေးစောင့်ရှောက်လုပ်ငန်းတွေ ပေးထားပြီး အိပ်ဆောင်၊ စားဆောင်၊ စာသင်ဆောင် သန့်ရှင်းသပ်ရပ်မှုရှိစေဖို့နဲ့ စာမေးပွဲဖြေဆိုနေချိန်ကာလအတွင်း လုံခြုံအေးချမ်းဖို့ တာဝန်ရှိသူတွေ အနေနဲ့ အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ မုံရွာမြို့ တက္ကသိုလ်/ဒီဂရီကောလိပ် ဆရာ၊ ဆရာမတွေကလည်း သင်ကြားပေးနေပါတယ်" ဟု မုံရွာမြို့နယ်ပညာရေးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်က စခန်းသွင်းသင်ကြားနေချိန်ကာလအတွင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ငွေကျပ် သိန်း ၁၀၀၀ နှင့် ကျောင်းသား၊ ကျောင်းသူ ၄၅၄ ဦးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ဧပြီ ၂၈ ရက်က ပေးအပ်ခဲ့ပြီးဖြစ်သည်။

မုံရွာမြို့နယ်အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် စခန်းသွင်းကျောင်းသား၊ ကျောင်းသူ ၁၇၀ ဦးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(အလုံ)တွင် စခန်းသွင်းကျောင်းသား၊ ကျောင်းသူ ၁၈၄ ဦး ရှိသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၁ မြို့နယ် ဖြေဆိုခဲ့ရာ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြောင့် မန္တလေးတက္ကသိုလ်၌ အဖြေလွှာများ စာစစ်လုပ်ငန်းဆောင်ရွက်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာ မုံရွာမြို့နယ်အပါအဝင် ၁၃ မြို့နယ် စာစစ်ဌာန ၂၅ ခုမှ ဘာသာစုံဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၈၂၀၂ ဦး၏ တက္ကသိုလ်ဝင်တန်းအဖြေလွှာများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၉၄)



## အထူးစိမ်း ဖြည့်စွက်သစ်ပင်များ စိုက်ပျိုး

**ရေနံချောင်း မေ ၄**

ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရေနံချောင်းမြို့နယ် မြို့ရှောင်လမ်းရှိ Greening Complex Zone အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းတွင် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ခင်းဖြစ်သည့် အထူးစိမ်းဖြည့်စွက်သစ်ပင်များအား မေ ၁ ရက်က စိုက်ပျိုးခဲ့ကြောင်း ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် ၂၀၂၅ ခုနှစ် မိုးရာသီစိုက်ခင်းဖြစ်သည့် အထူးစိမ်းဖြည့်စွက်သစ်ပင်ပေါင်း ၁၅၅၀၀ ရှိပြီး ပန်းချယ်ရီပင်၊ မယ်ဇလီပင်၊ ရှားပင်၊ ဒဟတ်ပင်၊ ဖျောက်ဆိပ်ပင်၊ တမာပင် စသည့် သစ်မျိုးများအား စိုက်ပျိုးလျက်ရှိကြောင်း ၂၀၂၅ ခုနှစ် မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးဇုန် ၁၅၅၀၀ပင် စိုက်ခင်းတွင် ရေအစိုဓာတ် ထိန်းသိမ်းနိုင်ရန် ပလတ်စတစ်အကြည်များအား ကျင်းပတ်လည်ဖုံးအုပ်၍ ယမန်နေ့က သစ်ပင်စုစုပေါင်း ၁၁၀ ပင် ရေလောင်းစမ်းသပ်စိုက်ပျိုးထားရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးကို ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုများ စုပေါင်း၍ စနေတစ်ပတ်ခြားဆောင်ရွက်လျက်ရှိရာ မေ ၃ ရက် နံနက် ၇ နာရီခွဲက လွတ်လပ်ရေးရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ သန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့ပေါ်ရှိ ဌာန ၁၆ ခုမှ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ၁၃၈ ဦး၊ တပ်နယ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ၁၂၀ ဦး၊ စုစုပေါင်း ၂၅၈ ဦးတို့သည် ကျောင်းဝန်းအတွင်းရှိ ပေါင်းမြက်များ သုတ်သင်ရှင်းလင်းခြင်း၊ အမှိုက်များ လှည်းကျင်းစွန့်ပစ်ခြင်းနှင့် ခုတ်ထွင်ရှင်းလင်းရန် လိုအပ်သည့် သစ်ပင်၊သစ်ကိုင်းခြောက်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရပြီး အဆိုပါ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ တပ်နယ်မှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(အပေါ်ဝဲပုံ) (၄၅၆)

*-*-*-*-*-*-*

## ကားလမ်းမပေါ် သစ်ပင်လဲကျ၍ လမ်းပိတ်ဆို့နေမှုအား ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရန် သွားရောက်ခုတ်ထွင်ရှင်းလင်း

**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် မေ ၂ ရက်က မိုးရွာသွန်းမှုကြောင့် တောင်ဘီကျေးရွာအနီး ညောင်ဦး-ပုဂံမြို့သွားကားလမ်းတွင် သစ်ပင်လဲကျပြီး လမ်းပိတ်ဆို့မှု ဖြစ်ပွားနေကြောင်းသိရ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်၍ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကားလမ်းမပေါ် လဲကျသည့် ထနောင်းပင်မှာ လုံးပတ် နှစ်ပေ၊ အမြင့် ပေ ၂၀ ခန့်ရှိပြီး ယမန်နေ့က မိုးရွာသွန်းမှုကြောင့် မြေသားခိုင်မာမှုမရှိသည့်အတွက် ပင်စည်ရင်းမှ ညောင်ဦး-ပုဂံမြို့သွားကားလမ်းမပေါ်သို့ ကန့်လန့်ဖြတ် လဲကျခဲ့ပြီး ယင်းသို့ လဲကျနေသော ထနောင်းပင်အား ပြည်သူများ ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စနစ်တကျ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ သစ်ပင်လဲကျမှုကြောင့် အခြားလူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနက မိုးရာသီကာလတွင် ကြုံတွေ့ရလေ့ရှိသည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်ပြီး ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်အတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်း စသည့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

*-*-*-*-*-*-*

## မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**မြို့သစ် မေ ၄**

ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မြို့ပေါ်ရပ်ကွက်များအတွင်း စက်ရုံ၊ အလုပ်ရုံများနှင့် လူနေအိမ်များသို့ တစ်အိမ်တက်ဆင်း စစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နေအိမ်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ကြိုတင်ဆောင်ရွက်ထားရှိမှုများ၊ နေအိမ်တိုင်းတွင် မီးချိတ်၊ မီးကပ်၊ သဲ၊ လှေကား၊ ရေနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိရန်၊ မီးဖိုမီးကို အန္တရာယ်ကင်းရှင်းစွာဖြင့် သတ်မှတ်ချိန်အတွင်း စနစ်တကျအသုံးပြုရန်နှင့် မီးကြွင်းမီးကျန်များကို သေချာစွာ ငြိမ်းသတ်ရန်၊ လျှပ်စစ်ပစ္စည်းများ၊ ဂတ်စ်မီးဖိုများနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရသောလုပ်ငန်းများ စသည့် မီးဘေးလုံခြုံရေးဆိုင်ရာ အချက်များအသိပညာပေးပြောကြားခဲ့သည်။

မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်း၊ တစ်အိမ်တက်ဆင်း စစ်ဆေးပြီး အသိပညာပေးခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရသော နေရာများတွင် မီးငြိမ်းသတ်နည်းများ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည်ဖြင့် အသိပညာပေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်တိုင်းဒေသကြီးနှင့် ရေဝတီတိုင်းဒေသကြီးတို့ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ ရန်ကုန်တိုင်းဒေသ ကြီး တိုက်ကြီးမြို့နယ်ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေ၊ ရေဝတီ တိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင်(တောင်)ရေနံနှင့် သဘာဝ ဓာတ်ငွေ့မြေများသို့ သွားရောက်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက် ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံ ကုန်းမြို့နယ် စပါးကြီးစမ်း- နတ်စင်ကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေး အတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ ကို သွားရောက်ကြည့်ရှုစစ်ဆေး သည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးသန့်စင် နှင့် တာဝန်ရှိသူများနှင့်အတူ အဖျောက် သဘာဝဓာတ်ငွေ့မြေ သို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီး ဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ တာဝန်ရှိသူများက အဖျောက် သဘာဝဓာတ်ငွေ့မြေ ၏ သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်နိုင်ခဲ့သည့်အခြေအနေ များ၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊တွင်းဟောင်းများ ၏ ပါးလွှာသဲကြောများအား ပြန်လည်လေ့လာ တွက်ချက် သုတေသနပြုလုပ်၍ စမ်းသပ် ထုတ်လုပ်ခဲ့ရာမှ သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအမံ များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော် ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင် ရေး အခြားသောရေနံနှင့်သဘာဝ ဓာတ်ငွေ့မြေများတွင်လည်း ယခု ကဲ့သို့ရလဒ်ကောင်းများရရှိအောင် ကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အထွက် နှုန်းကျဆင်းနေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများကို ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး အစီအမံ များ ချမှတ်ဆောင်ရွက်ရမည်ဖြစ် ကြောင်း မှာကြားပြီး ဒုတိယ ဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသ ကြီးဝန်ကြီးချုပ်တို့က ရေနံမြေ ဝန်ထမ်းများအား စားသောက်ဖွယ် ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် နှင့်အဖွဲ့သည် အဖျောက်သဘာဝ ဓာတ်ငွေ့မြေတွင် သဘာဝ ဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ် နိုင်ခဲ့သည့် တွင်းအမှတ် (၅၆) ၏ သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှု ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် ရေဝတီတိုင်းဒေသကြီး ဝန်ကြီး ချုပ်ဦးတင်မောင်ဝင်း၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် တာဝန်ရှိသူများ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေဝတီတိုင်းဒေသကြီး မအူပင် မြို့နယ်ရှိ မအူပင် (တောင်) ရေနံ နှင့် သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက မအူပင် (တောင်)ရေနံနှင့်သဘာဝဓာတ်ငွေ့ မြေ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော် ထုတ်လုပ်နိုင်ခဲ့မှုနှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ တွင်းသစ် တူးဖော်နိုင်ရေး စီမံဆောင်ရွက် ထားမှုများ၊ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှု အခြေ အနေများကို ရှင်းလင်းတင်ပြကြ သည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းသည် အရင်းအနှီးကြီးမားပြီး စွန့်စားရ မှုလည်း မြင့်မားပါကြောင်း၊ အနာဂတ်ကာလများတွင် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ် လုပ်မှုကဏ္ဍအတွက် သဘာဝ ဓာတ်ငွေ့ လိုအပ်ချက်သည် မလွဲ မသွေ မြင့်တက်လာမည်ဖြစ်၍ တိုးမြင့်လာမည့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ကြိုတင်မျှော်မှန်း၍ ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး နှစ်အလိုက် အကောင်အထည်ဖော် မည့်အစီအမံများ ပြုလုပ်၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ သက်တမ်းရင့်ရေနံနှင့် သဘာဝ ဓာတ်ငွေ့မြေများရှိ တွင်းဟောင်း များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်သလို တွင်းသစ်များတူးဖော်ခြင်း၊ ရေနံ နှင့် သဘာဝဓာတ်ငွေ့မြေအသစ် များ ရှာဖွေဖော်ထုတ်ခြင်းများကို လည်း ကြိုးပမ်းဆောင်ရွက်သွား ကြရမည်ဖြစ်ပါကြောင်း ပြောကြား ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ရေဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ရေနံမြေဝန်ထမ်းများ အတွက် စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် (၁၀) နှင့် (၁၃) တို့ အား သွားရောက်၍ လေဆီ (Condensate) နှင့် သဘာဝ ဓာတ်ငွေ့ထုတ်လုပ်နေမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေး သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ စပါးကြီးစမ်း-နတ်စင်ကုန်းဒေသ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရေး အတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာခြင်း လုပ်ငန်းခွင်သို့ ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိ သူများက လုပ်ငန်းဆောင်ရွက်နေ မှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ် က တိုင်းတာရရှိလာသည့် ဆိုက်စမစ် အချက်အလက်များကို Processing၊ Interpretation လုပ်ငန်းများ မြန်ဆန်စွာပြုလုပ်ရန် နှင့် အလားအလာကောင်းသည့် နေရာများတွင် တွင်းသစ်များ တူးဖော်နိုင်ရေး စီမံဆောင်ရွက်ကြ ရန်လိုကြောင်း မှာကြားပြီး ဝန်ထမ်း များအတွက် စားသောက်ဖွယ်ရာ များပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် စပါးကြီးစမ်း-နတ်စင်ကုန်းဒေသ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရေး အတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာနေမှု အခြေအနေ၊ တိုင်းတာရရှိသော အချက်အလက် များကို မှတ်တမ်းရယူနေမှုအခြေ အနေတို့ကို ကြည့်ရှုစစ်ဆေး အားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ယူနိုက်တက်အသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရယူ

ရန်ကုန် မေ ၄

ရန်ကုန်ယူနိုက်တက်အသင်း သည် မြန်မာနေရှင်နယ်လိဂ်ဖလား ဒုတိယပွဲစဉ်အဖြစ် ကချင်ယူနိုက် တက်အသင်းနှင့် ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းတွင် ယှဉ် ပြိုင်ကစားခဲ့ရာ ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူ နိုက်တက်အသင်းမှ မိုဂူးက စူပါ ဟက်ထရစ်သွင်းယူခဲ့ကာ ဥက္ကာ နိုင်၊ ဟိန်းဇေယျာလင်းနှင့် ချစ် အေးတို့က တစ်ဂိုးစီသွင်းယူပေး ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း သည် ပြီးခဲ့သည့်ပွဲစဉ်တွင် ရမှတ် တစ်မှတ်သာရယူနိုင်ခဲ့သော ကြောင့် ယနေ့ပွဲစဉ်တွင် ကစား သမားအပြောင်းအလဲများနှင့် နည်းစနစ်အပြောင်းအလဲများ ပြုလုပ်ပြင်ဆင်ပွဲထွက်လာခဲ့ကာ ကစားသမားသစ် အိုတိုဆိုင် တိုလည်း ပွဲထွက်ကစားသမား စာရင်းတွင်ပါဝင်လာခဲ့သည်။ ရန်ကုန်အသင်းအတွက် ဦးဆောင် ဂိုးကို အာကာကျော် ဂိုးပေါက်ကန် သွင်းရာ ပြန်လျှံထွက်လာသည့် ဘောလုံးကို ဥက္ကာနိုင်က ပိတ် သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၁၇ မိနစ်နှင့် ၂၁ မိနစ်တွင် မိုဂူးက ဒုတိယနှင့် တတိယဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ဟိန်းဇေယျာလင်းက စတုတ္ထဦးဆောင်ဂိုးကို ၄၄ မိနစ် တွင် ခေါင်းတိုက်သွင်းယူပေးခဲ့ သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းဘက်မှ နောက် ထပ် ဦးဆောင်ဂိုးများရရှိရန် ကစား ခဲ့ပြီး ပွဲချိန် (၅၈) မိနစ်တွင် ဥက္ကာနိုင်၏ ဇရိယာထဲဖြတ်ချိုး ပေးမှုကနေ မိုဂူးက ၎င်း၏ ဟက် ထရစ်ဖြစ်စေမည့် ဂိုးကိုသွင်းယူ နိုင်ခဲ့သည်။ ထို့နောက် ပွဲချိန် ၇၈ မိနစ်တွင် လူစားဝင်ကစားသမား ချစ်အေးက အီစိုး၏အကွက် မြင်မြင်ပေးပို့မှုက တစ်ဆင့် ဆဋ္ဌမ မြောက်ဦးဆောင်ဂိုးသွင်းယူပေး ခဲ့သည်။ ရန်ကုန်ယူနိုက်တက် အသင်းအတွက် ပွဲသိမ်းဂိုးဖြစ်စေ မည့် သတ္တမဂိုးကို ဟက်ထရစ် သွင်းယူထားသော မိုဂူးမှ ဒေးဗစ် ထန်း၏ပေးပို့မှုအား အကောင်း မွန်ဆုံး ပိတ်သွင်းအဆုံးသတ်နိုင် ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် လက်ရှိ MNL League Cup အုပ်စု (ခ) တွင် ၂ ပွဲကစား ၁ပွဲနိုင်၊ ၁ပွဲသရေ ရလဒ်ဖြင့် ရမှတ် (၄)မှတ်ရရှိ ထားကာ အုပ်စုပထမနေရာတွင် ရပ်တည်နေလျက်ရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်း ၏ အုပ်စုတတိယပွဲစဉ်အား လာ မည့် မေ ၁၀ ရက်တွင် မဟာ ယူနိုက်တက်အသင်းနှင့် သုဝဏ္ဏ ကွင်းတွင် ဆက်လက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

